၁၄၉၂၀

ဗုဒ္ဓသာသနာတော်သည်
လည်းကောင်း
သတ္တဝါဟူမျှသည်
လည်းကောင်း
အခါခပ်သိမ်း
ကြီးပွားတိုးတက်ပါစေ



ဗုဒ္ဓသာသနာတော်ကို
လည်းကောင်း
သတ္တဝါဟူသမျှကို
လည်းကောင်း
နတ်မြတ်နတ်ကောင်းတို့
သည် အခါခပ်သိမ်း –
စောင့်ရှောက်ကြပါစေ

ဒါနမဟာ ပြုသူမှာ ချမ်းသာကိုယ်စိတ်မြဲပါစေ

## ပိဋက ဘာသာပြန် ကျမ်းဦးအခမေဂ်
## ပွဲတော်မဟာ အထိမ်းအမှတ်

# ဗောဓိပက္ခိယသုံးဆယ့်ခုနစ်ပါး

## ပါဠိတော်ဝတ်ရွတ်စဉ်

နှင့်

## ။ ရတနသုတ် ။ ပုဗ္ဗဏှသုတ် ။ ပရိတ်တော် ။

၁၄၃၆

# ပိဋက ဘာသာပြန်

## ကျမ်းဦးအစဖော်

၁၉၉၂၀

ဒီဃနိကာယ် ဘာသာပြန်ကျမ်းဦးအမော်ပွဲတော်မဟာ
အထိမ်းအမှတ် ဝတ်ရွတ်စဉ်

# မာတိကာ

၁။ ဗောဓိ ပက္ခိယတရား သုံးဆယ့်ခုနစ်ပါးနှင့်
သာသနာတည်တံ့ရေး

ဒီဃနိကာယ်၊ပါထိက ဝဂ်ပါသာဒိကသုတ်နှင့်
မဟာဝဂ်၊မဟာပရိနိဗ္ဗာနသုတ် ဆဋ္ဌမူ
မြန်မာပြန်မှ

၂။ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး

အကျဉ်းချုပ် နိဒါန်း
Path to the End-of-Dukkha မှ
ပိဋကဘာသာပြန်စာပေဖြန့်ချိရေးအဖွဲ့
အင်္ဂလိပ်စာတည်းဦးသိန်းမောင်(B.A.,B.L.)
ဘာသာပြန်သည်။

၃။ သတိပဋ္ဌာနသံယုတ်၊အမ္ဗပါလိသုတ်

—နိဒါန်း
—ပါဠိတော်
—မြန်မာပြန်
—အဓိပ္ပါယ်ရှင်းလင်းချက်

၈။ ဗောဇ္ဈင်္ဂသံယုတ်၊ သီလသုတ်
- နိဒါန်း
- ပါဠိတော်
- မြန်မာပြန်
- အဓိပ္ပါယ်ရှင်းလင်းချက်

၉။ မဂ္ဂသံယုတ်၊ ဝိဘင်္ဂသုတ်
- နိဒါန်း
- ပါဠိတော်
- မြန်မာပြန်
- အဓိပ္ပါယ်ရှင်းလင်းချက်

၁၀။ ပရိတ်ကြီး နတ်ပင့်
- ပါဠိတော်
- မြန်မာပြန်

၁၁။ ရတနသုတ် ပရိတ်တော်
- နိဒါန်း
- ပါဠိတော်
- မြန်မာပြန်

၁၂။ ပုဗ္ဗဏှသုတ် ပရိတ်တော်
- နိဒါန်း
- ပါဠိတော်
- မြန်မာပြန်

ရတနာသုတ်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တော်နှင့် မြန်မာပြန်ကို ဦးစိုးဝင်း(ဓမ္မာစရိယ) ရေး-ပရိတ်ကြီးမြန်မာပြန်မှ

.................................................................

* ဤအစီအစဉ်များကို ပိဋက ဘာသာပြန်
စာပေဖြန့်ချိရေးအဖွဲ့
ပါဠိမြန်မာအယ်ဒီတာချုပ်ဆရာကြီး–
ဦးကျော်ထွတ်စီစဉ်သည်။

* ပါဠိတော် မြန်မာပြန်များမှပိဋကတော်
မြန်မာပြန်ဆင့်မှုဖြစ်သည်။

* စာမူကြိုတင်ခွင့်ပြုချက်အမှတ်(၉၂၉)အရ
ကမ္ဘာ့အေး စေတီတော် ဘဏ္ဍာတော်ထိန်း
ဂေါပကအဖွဲ့ အထွေထွေ အတွင်းရေးမှူး
ချုပ်-သီရိပျံချီ ဦးသန်းစိန်က (ကင်းလွတ်
ခွင့်အမှတ်–၂၄၀)ဖြင့် ထုတ်ဝေ၍။
* ဦးလှပိုင် (မြဲ-၀၂၇၇၄)
အမှတ် ·၇၇၊ဂန္ထဝင်ပုံနှိပ်တိုက်
လှည်းတန်း-ကမာရွတ်- ရန်ကုန်မြို့၌
ရိုက်နှိပ်သည်။

အုပ်ရေ (၁၀၀၀)၊၁၉၈၄ခု၊ ဒီဇဘာလ
၃၀ ရက်၊ တနင်္ဂနွေနေ့၊

# ဒီဃနိကာယ်

## ပါထိကဝဂ်၊ ပါသာဒိကသုတ်

ဆဋ္ဌမူ-မြန်မာပြန်၊ နှာ၊ ၁၁၈၊

## သံဂါယနာတင်အပ်သော တရား

၁၇၇။ စုန္ဒ-ထို့ကြောင့် ဤသာသနာတော်၌ အကြင်တရားတို့ကို သင်ချစ်သားတို့အား ငါသည်ထူးကဲလွန်မြတ်သော သဗ္ဗညုတဉာဏ်ဖြင့် သိ၍ ဟောတော်မူ အပ်ကုန်၏၊ ထိုတရားတို့၌ အလုံးစုံသော သင်ချစ်သားတို့သည်စည်းဝေးကုန်၍ အတူတကွ လာရောက်ကုန်၍ ဤသာသနာတော်အရှည်ခံ၍ ကြာမြင့်စွာ တည်တံ့သောအခြင်းအရာဖြင့်အနက်ဖြင့်အနက်ကို သဒ္ဒါဖြင့်သဒ္ဒါကို ညီညွတ်စေလျက်ရွတ်ဆို(သံဂါယနာတင်)အပ်၏၊မငြင်းခုံအပ်။

ထို(သံဂါယနာတင်ခြင်း) သည် လူအများ၏ အစီးအပွားအလို့ငှာလူအများ၏ချမ်းသာအလို့ငှာလောကကိုစောင့်ရှောက်ရန် အလို့ငှာ- နတ်လူတို့၏ အကျိုးစီးပွားချမ်းသာ သုခအလို့ငှာဖြစ်ရာ၏။

"စုန္ဒ"သင်တို့အား ငါသည် အကြင်တရားတို့ကို ထူးကဲလွန်မြတ်သော -'သဗ္ဗညုတ'ဉာဏ်ဖြင့် သိ၍ဟောတော်မူအပ်ကုန်၏။ ထိုတရားတို့ကားအဘယ်တို့နည်း

အကြင်တရားတို့၌ အလုံးစုံသော သင်ချစ်သားတို့သည် စည်းဝေးကုန်၍ အတူတကွ လာရောက်ကုန်၍ ဤ

သာသနာတော် အရှည်ခံ၍ ကြာမြင့်စွာ တည်တံ့သော အခြင်းအရာဖြင့် အနက်ဖြင့် အနက်ကို၊ သဒ္ဒါဖြင့် သဒ္ဒါကို (ညီညွတ် စေလျက်) ရွတ်ဆို (သံဂါယနာတင်) အပ်၏။ မငြင်းခုံအပ်။

ထို(သံဂါယနာတင်ခြင်း)သည် လူအများ၏ အစီးအပွား အလို့ငှာ လူအများ၏ ချမ်းသာသုခအလို့ငှာလောကကိုစောင့်ရှောက်ရန် အလို့ငှာ လူနတ်တို့၏အကျိုးစီးပွား ချမ်းသာသုခ အလို့ငှာ ဖြစ်ရာ၏။ ထိုတရားတို့သည် အဘယ်နည်းဟူမူ

သတိပဋ္ဌာန်လေးပါး။

သမ္မပ္ပဓာန် လေးပါး။

ဣဒ္ဓိပါဒ် လေးပါး၊

ဣန္ဒြေငါးပါး။

ဗိုလ်ငါးပါး။

ဗောဇ္ဈင် ခုနစ်ပါး။

အရိယမဂ္ဂင် ရှစ်ပါး တရားတို့တည်း။

စုန္ဒ ဤတရား တို့ကို ငါသည် လွန်ကဲ ထူးမြတ်သော 'သဗ္ဗညုတ' ဉာဏ်ဖြင့်သိ၍ ဟောတော်မူအပ်ကုန်၏၊ အကြင်တရားတို့၌ အလုံးစုံသော သင်ချစ်သားတို့သည် စည်းဝေးကုန်၍ အတူတကွလာရောက်ကြကုန်၍ဤသာသနာတော်အရှည်ခံ၍ ကြာမြင့်စွာ တည်တံ့သော အခြင်းအရာဖြင့် အနက်ဖြင့် အနက်ကို၊ သဒ္ဒါဖြင့် သဒ္ဒါကို (ညီညွတ်စေလျက်) ရွတ်ဆို (သံဂါယနာ တင်) အပ်၏။ မငြင်းခုံအပ်။

ထို(သံဂါယနာတင်ခြင်း)သည် လူအများ၏ အစီးအပွား အလို့ငှါ လူအများ၏ ချမ်းသာအလို့ငှါ လောကကိုစောင့်ရှောက်ရန်အလို့ငှာ နတ်လူတို့၏ အကျိုးစီးပွား ချမ်းသာသုခ အလို့ငှာဖြစ်ရာ၏။

## ဒီဃနိကာယ်

## မဟာဝဂ်-မဟာပရိနိဗ္ဗာနသုတ်

ဆဋ္ဌမူ မြန်မာပြန်-နှာ၊ ၁၁၆

## သာသနာတည်တံ့ရေး သုံးဆယ့်ခုနစ်ပါး

"ရဟန်းတို့ ငါသည် ထူးသော ဉာဏ်ဖြင့်သိ၍ဟောတော်မူအပ်သော တရားတော်တို့ကို သင်တို့သည် ကောင်းစွာ သင်ယူ၍ မှီဝဲအပ်ကုန်၏၊ ပွားများအပ်ကုန်၏၊ အဖန်ဖန် လေ့ကျင့်အပ်ကုန်၏၊ ယင်းသို့မှီဝဲပွားများ လေ့ကျင့်သည်ရှိသော် ဤမြတ်သောအကျင့် 'သာသနာတော်' သည် အရှည် ခိုင်ခံ့လျက် ကြာမြင့်စွာ တည်တံ့ရာ၏။ ထိုသို့(တည်တံ့ခြင်း) သည် လူအများ၏ စီးပွားချမ်းသာအလို့ငှာ လောကကိုစောင့်ရှောက်ရန် အလို့ငှာ နတ်လူတို့၏အကျိုးစီးပွား ချမ်းသာ အလို့ငှာ ဖြစ်လေရာ၏။

ရဟန်းတို့ ငါသည် ထူးသောဉာဏ်ဖြင့်သိ၍ ဟောတော်မူအပ်သော တရားတို့ကို သင်တို့သည်ကောင်းစွာ သင်ယူ၍ မှီဝဲ

အပ်ကုန်၏၊ အဖန်ဖန် လေ့ကျင့်အပ်ကုန်၏။ ယင်းသို့ မှီဝဲပွား များ လေ့ကျင့်သည်ရှိသော် ဤမြတ်သောအကျင့် 'သာသနာ တော်'သည် အရှည်ခိုင်ခံ့ လျက်ကြာမြင့်စွာ တည်တံ့ရာ၏။ ထို သို့(တည်တံ့ခြင်း)သည် လူအများ၏စီးပွားချမ်းသာအလို့ငှာ လောကကို စောင့်ရှောက်ရန်အလို့ငှာ နတ်လူတို့၏အကျိုး စီးပွားချမ်းသာအလို့ငှာ လောကကို စောင့်ရှောက်ရန်အလို့ငှာ နတ်လူတို့၏ အကျိုးစီးပွားချမ်းသာအလို့ငှာ ဖြစ်လေရာ၏ဟု ဆိုရာ၌ ထူးသော ဉာဏ်ဖြင့်သိ၍ ငါဟောအပ်သော ထိုတရား တို့ကား အဘယ်နည်း။

ယင်းတရားတို့ကား သတိပဋ္ဌာန် လေးပါး သမ္မပ္ပဓာန်လေး ပါး ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ အင်္ဂါရှစ်ပါးရှိသော အရိယာ မဂ်တို့ပေတည်း။

ရဟန်းတို့ ငါသည် သင်တို့အား ထူးသောဉာဏ်ဖြင့် သိ၍ ဟောအပ်ကုန်သော ဤတရားတော်တို့ကို သင်တို့သည် ကောင်း စွာ သင်ယူ၍ မှီဝဲအပ်ကုန်၏။ ပွားများအပ်ကုန်၏။ အဖန်ဖန် လေ့ကျင့်အပ်ကုန်၏၊ ယင်းသို့ မှီဝဲပွားများ လေ့ကျင့်သည်ရှိ သော် ဤမြတ်သောအကျင့် 'သာသနာတော်' သည် အရှည် ခိုင်ခံ့လျက် ကြာမြင့်စွာ တည်တံ့ရာ၏။ ထိုသို့(တည်တံ့ခြင်း) လူအများ၏စီးပွားချမ်းသာအလို့ငှာလောကကို စောင့်ရှောက် ရန် အလို့ငှာ နတ်လူတို့၏ အကျိုးစီးပွားနှင့် ချမ်းသာအလို့ ငှာ ဖြစ်လေရာ၏ ဟု (မိန့်တော်မူ၏)။

... ... *........

## ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး
## အကျဉ်းချုပ်နိဒါန်း

မြတ်စွာဘုရားသည် မဂ်လေးပါးရရှိရေး အတွက်လမ်းစဉ်ကို အပြည့်အစုံချမှတ်ပေးတော်မူခဲ့သည်၊ဗုဒ္ဓ၏တရားတော်၌ဤလမ်းစဉ်ကိုဗောဓိပက္ခိယတရားများဟုတွင်သည်၊ဗောဓိပက္ခိယတရားများဆိုသည် မှာမဂ်လေးတန်ရရှိရန်အတွက် အထောက်အပံ့ပြုသောဗုဒ္ဓ၏အဆုံးအမတရား တော်များပင်ဖြစ်သည်။ ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးရှိသည်။ယင်းတို့မှာအောက်ပါအတိုင်းဖြစ်၏။ –

(က) သတိပဋ္ဌာန်လေးပါး
(ခ) သမ္မပ္ပဓာန်လေပါး
(ဂ) ဣဒ္ဓိပါဒ်လေးပါး
(ဃ) ဣန္ဒြေငါးပါး
(င) ဗလငါးပါး
(စ) ဗောဇ္ဈင်ခုနှစ်ပါး
(ဆ) အရိယာမဂ်အင်္ဂါရှစ်ပါး

၇၂၀၇

## (က) သတိပဋ္ဌာန်လေးပါး-

သတိပဋ္ဌာန်လေးပါးကား 'သမ္မာသတိ' ဟူသော အရိယာမဂ်အင်္ဂါနှင့် အတူတူပင်ဖြစ်သည်။ ယင်းသည် ကား မြဲမြံသောသတိ ရှိခြင်းပင် ဖြစ်သည်။ စင်စစ် သတိပဋ္ဌာန်လေးပါးကား 'သမ္မာသတိ' တည်းဟူသော မဂ်အင်္ဂါကို ခွဲချထွင် အပ်သော တရားတို့တည်း။ သတိပဋ္ဌာန်လေးပါး တို့ကား အောက်ပါ အတိုင်း ဖြစ်သည်။

### (က) ကာယာနုပဿနာသတိပဋ္ဌာန်

မိမိ၏ ခန္ဓာအပေါင်း၌ မြဲမြံသောသတိရှိရခြင်း ဖြစ်သည်။ ဤသတိပဋ္ဌာန်အရယောဂီသည်ဤရုပ် အပေါင်း၌ လည်းကောင်း ဤရုပ် အပေါင်း ကို သိမှတ်နေသော စိတ်၌လည်းကောင်း၊ မမြဲခြင်း (အနိစ္စ)သဘော၊ ဆင်းရဲခြင်း (ဒုက္ခ) သဘော၊ အစိုးမရခြင်း(အနတ္တ)သဘောနှင့်-(မတင့်တယ် ခြင်း) အသုဘ သဘောတို့ကိုထင်မြင်နိုင်စေရန် မိမိ၏ခန္ဓာကိုယ်၌ ဖြစ်ပျက်သမျှကို သိရှိနေစေရန် အထူးအားထုတ်ခြင်းဖြစ်၏။

ဥပမာ ပုံအားဖြင့်ယောဂီသည် မိမိ၏ခန္ဓာ ကိုယ်လှုပ်ရှားမှုတိုင်းကို သိနေရမည်။ လှုပ်ရှား

မှုမရှိသော အခါများ၌ပင် လှုပ်ရှားမှု မရှိသည်၏အဖြစ်ကိုသိနေရမည်။

## (ခ) ဝေဒနာနုပဿနာ သတိပဋ္ဌာန်

မိမိခံစားမှု(ဝေဒနာ)အပေါင်း၌ မြဲမြံသော သတိရှိရခြင်းဖြစ်သည်။ ဤသတိ ပဋ္ဌာန်အရ ယောဂီသည် ဤဝေဒနာအပေါင်း၌လည်းကောင်း၊ ဤဝေဒနာအပေါင်းကို သိမှတ်နေသော စိတ်၌ လည်းကောင်း၊ မမြဲခြင်း(အနိစ္စ) သဘော၊ ဆင်းရဲခြင်း(ဒုက္ခ)သဘော၊ အစိုးမရခြင်း (အနတ္တ) သဘောနှင့် မတင့်တယ်ခြင်း(အသုဘ)သဘောတို့ကို ထင်မြင်နိုင်စေရန် သူ၏ ခံစားမှုအားလုံးကို သိရှိနေစေရန် အထူးအားထုတ်ခြင်းဖြစ်သည်။

ဥပမာအားဖြင့် ယောဂီသည် နှစ်သက်ဖွယ် အတွေ့ရှိသည်ဖြစ်စေ၊ မနှစ်သက်ဖွယ် အတွေ့ရှိသည် ဖြစ်စေ၊ နှစ်သက်ဖွယ်လည်း မဟုတ် မနှစ်သက်ဖွယ်လည်း မဟုတ်သော အတွေ့ရှိသည် ဖြစ်စေအားလုံးကို သိမှတ်နေရမည်။

## (ဂ) စိတ္တာနုပဿနာ သတိပဋ္ဌာန်

ယင်းသည် မိမိ၏ စိတ်အပေါင်း၌ မြဲမြံသော သတိရှိရခြင်းပင်ဖြစ်သည်။ ဤသတိပဋ္ဌာန်အရ ယောဂီသည် ဤစိတ်အပေါင်း၌လည်းကောင်း၊ ဤစိတ် အပေါင်းကို သိမှတ်နေသော စိတ်၌လည်းကောင်း၊ မမြဲခြင်း (အနိစ္စ)သဘော၊ဆင်းရဲ

ခြင်း(ဒုက္ခ)သဘော၊ အစိုးမရခြင်း (အနတ္တ)သဘောနှင့် မတင့်တယ်ခြင်း (အသုဘ)သဘောတို့ကို ထင်မြင် နိုင်စေရန် မိမိ၏ စိတ်အပေါင်း၌ ဖြစ်ပျက်နေသမျှ သိရှိနေစေရန်အထူးအားထုတ်ခြင်းပင် ဖြစ်သည်။

ဥပမာအားဖြင့် သူ့တွင် ရာဂနှင့် တကွ ဖြစ်သောစိတ်ဖြစ်က ထိုသို့ဖြစ်သည်ကို သိခြင်း၊ သူ့တွင် ဒေါသ(အပြစ်) နှင့် တကွ ဖြစ်သော စိတ်ရှိက ထိုစိတ်ဖြစ်သည်ကိုသိခြင်း၊ ဒေါသနှင့်တကွ မဖြစ်သော စိတ်ဖြစ်က ထိုသို့ ဖြစ်သည်ကို သိခြင်း။ သူ့တွင် တွေဝေခြင်းနှင့်တကွ ဖြစ်သော စိတ်ရှိက ထိုစိတ်ဖြစ်သည်ကို သိခြင်း၊ တွေဝေခြင်း မရှိသော စိတ်ဖြစ်က ထိုစိတ်ဖြစ်သည်ကိုလည်း သိခြင်း။ ကျမ်း၌ ထိုကဲ့သို့သော စိတ်တဆယ့်ရှစ်မျိုးကို ဖော်ပြထားပေ၏။

## (ဃ) ဓမ္မာနုပဿနာ သတိပဋ္ဌာန်

ယင်းသည် မိမိ၏ တွေးကြံမှု အပေါင်း၌ မြဲမြံသော သတိရှိခြင်းပင်တည်း၊ ဤသတိပဋ္ဌာန်အရ ယောဂီသည် ဤတွေးကြံမှု အပေါင်း၌လည်းကောင်း၊ ဤတွေးကြံမှု အပေါင်းကို သိမှတ်နေသော စိတ်၌လည်းကောင်းမမြဲခြင်း(အနိစ္စ)သဘော၊ ဆင်းရဲခြင်း (ဒုက္ခ)သဘော၊ အစိုးမရခြင်း (အနတ္တ)သဘော၊ မတင့်တယ်ခြင်း (အသုဘ) သဘောတို့ကို ထင်မြင်နိုင်စေရန် မိမိ၏ တွေးကြံမှုအပေါင်း၌ ဖြစ်ပျက် နေသမျှ ကိုသိရှိနေစေရန် အထူးအားထုတ်ခြင်းပင် ဖြစ်သည်။

ဥပမာအားဖြင့်-ယောဂီတွင် အတားအဆီး အပိတ်အဆို့ (နီဝရဏတရား)များ ရှိနေက ထိုသို့ရှိနေသည်ကို သိနေရမည်။ ယောဂီ၏စိတ်(စင်ကြယ်မှု)တိုးတက်မှုတွင် အတားအဆီး အပိတ်အဆို့ ဆိုသည်မှာ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကစ္စတို့ ဖြစ်ကြ၏။

ယောဂီတွင် ပျံ့လွင့်သော တွေးကြံမှုများရှိပါက၊ ထိုသို့ဖြစ်ခြင်းကို သိနေရမည်။ သူသည် စီမံကိန်းတခုခု ချနေသည်ဖြစ်စေ၊ ပြဿနာတခုခု၏ အဖြေကို ရှာနေသည်ဖြစ်စေ၊ တစုံတခုသောတရားကိုနှလုံးသွင်းနေလျှင် ဖြစ်စေ သူသည် ထိုအဖြစ်ကို သိနေရမည်။

ဤသတိပဋ္ဌာန် လေးပါးကို ကျင့်ခြင်းသည် သတိပဋ္ဌာန ဝိပဿနာဘာဝနာပင်ဖြစ်သည်။

ဤအဆင့်၌ စာရေးသူသည် သတိပဋ္ဌာန် လေးပါး အကြောင်း နိဒါန်းမျှကိုသာ ဖော်ပြလိုက်ပါသည်။ ဗုဒ္ဓတရားတော်၌ သတိပဋ္ဌာန် လေးပါးသည် အလွန်အရေးကြီးသည်ဖြစ်၍၊ ယင်းတို့အား တခန်းသပ်သပ် ထား၍ ဖော်ပြပါမည်။

## ၂။ သမ္မပ္ပဓာန်လေးပါး

သမ္မပ္ပဓာန် ဆိုသည်မှာ အရိယာ မဂ္ဂင်ရှစ် ပါးအနက်မှ သမ္မာဝါယာမ (ကောင်းစွာ အားထုတ်ခြင်း) အင်္ဂါရပ်ပင် ဖြစ်ပါသည်။ သမ္မပ္ပဓာန် လေးပါးဆိုသည်မှာ ဦးလည်မသုန် အား

တုတ်မှုပင်ဖြစ်သည်။ သမ္မပ္ပဓာန် လေးပါးမှာ စင်စစ် သမ္မာဝါယမ မဂ္ဂင်ကို ခွဲတွင်အပ်သော တရားတို့ပေတည်း။

(က) မိမိ မပြုရသေးသော မကောင်းမှုတို့ကို မည်သည့်နည်းနှင့်မျှ မပြုမိ စေရန် အားထုတ်သည့် စခန်းသို့ ရောက်ရန် နောက်မဆုတ်တမ်း အားထုတ်ခြင်း။ ဥပမာ–ဂျွန်အဖို့ အရှင်မပေးသော ဥစ္စာကို ယူခြင်း၊ သူများ အိမ်ယာကို ကျူးလွန် ပြစ်မှားခြင်း၊ မဟုတ်မမှန်သည်ကို ပြောဆိုခြင်းတို့သည် သူ တခါမျှ မကျူးလွန်ဘူးသော မကောင်းမှုတို့ဖြစ်၏၊ သူ မပြုခဲ့ဘူးသော မကောင်းမှုတို့ကို မကျူးလွန်မိစေရန် သူ၏ သီလနှင့် ဈာန်တို့သည် သူ့အားမပြုဘူးသေးသော မကောင်းမှုတို့ကို မပြုမိအောင် မည်သည့်နည်းနှင့်မျှ တားနိုင်မည် မဟုတ်။ ထိုသို့(မပြုသေးသော မကောင်းမှုကို) မပြုလုပ်ပဲ နေရန်ကိုကား မဂ်တရားတို့ကသာလျှင် တတ်နိုင်ပေသည်။ ထို့ကြောင့် မိမိမပြုဘူးသေးသော မကောင်းမှုတို့ကို မည်သည့်နည်းနှင့်မျှ မပြုလုပ်တော့သော အဆင့်သို့ ရောက်ရန် ဦးလည်မသုန် အားထုတ်ခြင်းဆိုသည်မှာ အနည်းဆုံး ပထမ မဂ်ကိုရရှိရန် အားထုတ်ခြင်းပင်တည်း။

(ခ) ရှေး၌မိမိ ပြုခဲ့ဖူးသော မကောင်းမှု(အကုသလကမ္မ) တို့ကိုနောက်တွင် မည်သည့်နည်းနှင့် မျှမပြုမိစေရန်အားထုတ်သည့်စခန်းဖြစ်သော မဂ်ဉာဏ်ခန်းသို့ ရောက်ရန် နောက်မဆုတ်ခြင်း။ ဥပမာအားဖြင့်–'ဂျွန်' ဆိုသူသည်

တိရစ္ဆာန်များကိုသတ်ဖြတ်စေခဲ့၏။ မူးယစ်စေတတ်သောဆေး တို့ကိုလည်း သုံးဆောင်ခဲ့၏။ သူသည်ထိုသို့သောမကောင်း မှုများကိုနောက်ဘယ်သောအခါမျှ မပြုမိစေရန်သီလခံ ဆောင့်ထိန်း၏။ သူသည် သမထဘာဝနာတို့ကို အား ထုတ်၍ ရူပဈာန် လေးပါးကို ရသည်ဆိုကြပါစို့။ သို့ရာ တွင်သူသည် အကြောင်း တခုခုကြောင့် သူ၏ သီလကျိုး ပေါက်ကာ ဈာန်မှုယုတ်လျက် သူပြုခဲ့ဘူး သောမကောင်း မှုများကို ပြုပြန်သည်ဆိုပါစို့. - သီလသည် လည်းကောင်း သမထ ဘာဝနာ သည် လည်းကောင်း 'ဂျွန်' အား သူပြုခဲ့ သောမကောင်းမှု များမှထာဝစဉ် ကင်းကွာအောင်မတတ် နိုင်။ သို့ရာတွင် 'ဂျွန်' သည် သောတာပတ္တိ မဂ်တည်းဟူ သောပထမ မဂ်ဉာဏ်ကိုရရှိသည် ဆိုလျှင်သူသည် သူ့အ သက်ကိုမသတ်တော့၊ အရှင်မပေးသော ဥစ္စာကို မယူတော့။ သူများအိမ်ယာကိုမပြစ်မှားတော့၊ မဟုတ်မမှန်သော စကား ကိုမပြောတော့၊ မူးယစ် မေ့လျော့ စေတတ်သော သေရည် သေရက်ကို မသောက်တော့။ ဤကဲ့သို့ မပြုလုပ်တော့ခြင်း မှာထိုမကောင်းမှုများကိုပြုခြင်း၏ အကြောင်း ဖြစ်သော ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတည်းဟူသော အနုသယ နှစ်ပါးကိုပထမ မဂ်ကအကြွင်းမဲ့ပယ်လိုက်ပြီး ဖြစ်သောကြောင့်တည်း။

ထို့ကြောင့်ဤအဆင့်၌ဦးလည်မသုန်အားထုတ်ခြင်းကား ယော ဂီသည် မိမိရှေး၌ပြုခဲ့ဘူးသော မကောင်းမှုတို့ကိုနောင်တွင် မည်သည့်နည်းနှင့် မျှမပြုမိစေရန်အားထုတ်သည့် စခန်းဖြစ်သော ပထမမဂ်ဉာဏ်ကို ရရှိအောင်အားထုတ်ခြင်းပင်ဖြစ်ပေသည်။

(၃)

(ဂ) မရဘူးသေးသော ကောင်းမှုတို့ကို ရရှိအောင်နောက်မဆုတ်တမ်းအားထုတ်ခြင်း။ ပုထုဇဉ်တို့သည်ဒါနကောင်းမှု၊သီလကောင်းမှု၊သမထ (စျာန်) တို့ကို ရရှိခဲ့၏။ မဂ်ကုသိုလ်ကိုကားမရရှိသေး။ ထို့ကြောင့် မရဘူးသေးသော ကုသိုလ်ကောင်းမှုတို့ကို ရအောင် နောက်မဆုတ်တမ်းအားထုတ်ခြင်း ဆိုသည်မှာ အနည်းဆုံး ပထမမဂ်ကိုရရှိရန်အားထုတ်ခြင်း ပေတည်း။

(ဃ) ရရှိပြီး ကောင်းမှုတို့ကို ပွားများအောင် ဦးလည်မသုန်အားထုတ်ခြင်း–

ဒါနကုသိုလ်ကောင်းမှု၊ သီလကုသိုလ်အမှု၊ သမထကုသိုလ်အမှုနှင့် မဂ်ကုသိုလ်အမှုဟူ၍၊ ကုသိုလ်ကောင်းမှု လေးမျိုးရှိသည်။ ထိုကုသိုလ်ကောင်းမှု လေးမျိုးအနက် မဂ်ကုသိုလ်ကား သံသရာဝဋ်ဆင်းရဲကို ကုန်စေတတ်သောကြောင့် သူမရှိလျှင်မဖြစ်အောင်အရေးပါသော ကုသိုလ်ဖြစ်၏။ ထို့ကြောင့် ရပြီးသော ကုသိုလ်ကောင်းမှုတို့ကို ပွားများအောင် နောက်မဆုတ်တမ်းအားထုတ်ခြင်း ဆိုသည်မှာ မဂ်လေးပါးစလုံး ရရှိသည်အထိ နောက်မဆုတ်တမ်း အားထုတ်ခြင်းပေတည်း။

မြတ်စွာဘုရားက သံယုတ္တနိကာယ၊ နိဒါန ဝဂ်သံယုတ်၌-

''ရဟန်းတို့- သာမည အားတုတ်မှုဖြင့် ဒုက္ခ၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို မမြင်နိုင်၊ ဒုက္ခ၏ အဆုံးသို့ မရောက်နိုင်။

အနည်းငယ်မျှ အားထုတ်မှုဖြင့် နိဗ္ဗာန်ကိုလည်း မမြင်နိုင်၊ ရောက်လည်း မရောက်နိုင်”

ဟု ဟောတော်မူခဲ့၏။

## ၃။ ဣဒ္ဓိပါဒ်လေးပါး

ဣဒ္ဓိဟူသည်ကား-မိမိ၏အမြင့်မားဆုံးရည်ရွယ်ချက်ဖြစ်သော မဂ်လေးတန်ကို ရရှိရန် အားထုတ်ခြင်း၏ အထွတ်အထိပ်သို့ ရောက်ရှိခြင်းပင် ဖြစ်၏။ ပါဒဆိုသည်မှာ ‘အခြေ’ ဖြစ်သည်။

ထို့ကြောင့် ဣဒ္ဓိပါဒ လေးပါးဆိုရာ၌ မဂ်လေးတန် ရရှိရေး အတွက် အထောက်အပံ့ ပေးနိုင်သည့် ‘အခြေ’ လေးမျိုးကို ဆိုလိုပေသည်။

အခြေလေးမျိုးတို့ကား....။

(က) ဆန္ဒ–မဂ်ကိုရရန် ပြင်းပြသော ဆန္ဒ၊

(ခ) ဝီရိယ– မဂ်ကိုရရန် ဝိပဿနာ ဘာဝနာကို နောက် မဆုတ်သော လုံ့လဖြင့်အားထုတ်ခြင်း၊

(ဂ) စိတ်–မဂ်ကိုရရန် ဝိပဿနာဘာဝနာ၌ အာရုံအပြည့် စူးစိုက်ထားသောစိတ်၊

(ဃ) ဝိမံသပညာ-အပါယ်လေးဘုံ၏ဆင်းရဲကိုကောင်းစွာ သိခြင်း။ သံသရာ၏ ဆင်းရဲကိုလည်း ကောင်းစွာ သိခြင်း။

ဤဣဒ္ဓိပါဒ် လေးပါးတို့သည် သူတို့အလိုလိုဖြစ်လာကြသည် မဟုတ်ချေ၊ အဆောက်အအုံတခု၏ အုတ်မြစ်ကို အုတ်တချပ်ချင်း တလွှာချင်းစီ၍ ချရသကဲ့သို့ ဤဣဒ္ဓိပါဒ်လေးပါးအခြေကိုလည်း တဆင့်ချင်း တက်ယူရသည်။ ဤသို့ ပြုလုပ်ရန်အတွက် ကောင်းသည့် နည်းတနည်းမှာ ဗုဒ္ဓစာပေကို ကြိုးစားအားထုတ်၍ ဖတ်ခြင်းပင်တည်း။ ကျမ်းတတ် ရဟန်းရှင် လူပုဂ္ဂိုလ်များထံ ချဉ်းကပ်၍ မကြာခဏ တရားနာခြင်းသည်လည်း ဤကိစ္စအတွက် အထောက်အကူရနိုင်သည်။

ဣဒ္ဓိပါဒ်၏ အရေးပါပုံကို ပြောပြ၍ ကုန်နိုင်ဖွယ်မရှိ၊ ယင်းတို့ မပါလျှင် မဂ်တရားတို့ကို ရရှိရန် အတွက် ဝိပဿနာဘာဝနာကို အားထုတ်ဖို့ မဆိုထားနှင့် မဂ်တရားတို့၏ အကြောင်းကို စဉ်းစားမိမည်ပင် မဟုတ်ချေ။ မဂ်တရားတို့ကို မရလျှင်လည်း ဒုက္ခနှင့်တကွ ဖြစ်သော သံသရာ၌ မျောကြရန်သာရှိပေတော့သည်။ ထို့ကြောင့်ပင် မြတ်စွာဘုရားရှင်က—

"ရဟန်းတို့ ဆန္ဒကိုပွားများစေကြကုန်
ဝိရိယကို ပွားများစေကြကုန်၊
စိတ်ကို ပွားများစေကြကုန်၊

ဝိမံသ ပညာကို ပွားများစေကြကုန်” ဟူ၍အထူးပြု၍ဟော တော်မူခဲ့ရလေသည်။

## အနုဿတိ

ဤဒိပါဒ် လေးပါးကို ပွားများစေရန်အတွက် ကျမ်းတတ် ရဟန်းရှင်လူ ပုဂ္ဂိုလ်များထံမှ တရားနာယူခြင်း အပြင် အာနာ ပါန ဘာဝနာ (ထွက်သက် ဝင်သက်၌ သမာဓိကို ဆောက် တည်ခြင်း)ကို အားထုတ်သင့်သည်ဟု ကျေးဇူးရှင် လယ်တီဆရာ တော်ဘုရားက မိန့်ကြားတော်မူခဲ့သည်။

ဆရာတော် ဘုရားကြီးအား အလွန်ကြည်ညိုလေးစားစွာ ဖြင့်ပင် စာရေးသူကအားထုတ်စ ပုဂ္ဂိုလ်များအတွက်အခက် အခဲရှိမည်ဟု ယူဆသော အာနာပါန ဘာဝနာ၏ ရှေ့ပြေး အဖြစ် အောက်ပါ ဘာဝနာများကို အားထုတ်သင့်ကြောင်း ရိုးသားစွာ ယုံကြည်သဖြင့် ထပ်ဆင့် ထောက်ခံအပ်ပါ၏။

(က) ဗုဒ္ဓါနုဿာတိ (ဘုရား ဂုဏ်တော်တို့၌ စိတ်ကို တည်စေခြင်း)ရှုပွားခြင်း။

(ခ) ဓမ္မာနုဿတိ (တရားတော်၏ ဂုဏ်တော်တို့၌ စိတ်ကို တည် စေ ခြင်း) ရှုပွား ခြင်း။

(ဂ) သံဃာနုဿတိ (သံဃာတော်၏ ဂုဏ်တော်တို့၌ စိတ်ကို တည်စေခြင်း) ရှုပွားခြင်း။

(ဃ) သီလာနုဿတိ (မိမိ၏ သီလ၌ စိတ်ကို တည်စေခြင်း) ရှုပွားခြင်း။

(င) စာဂါနုဿတိ (မိမိ၏ ပေးကမ်းခြင်း အမှု၌ စိတ်ကိုတည်စေခြင်း) ရှုပွားခြင်း

(စ) ဒေဝတာနုဿတိ (မိမိ၌လည်း နတ်တို့၌ ရှိသော ယုံကြည်မှု သဒ္ဓါ၊ ဒါန၊ သီလတို့ ရှိသည့် အဖြစ်တွင် စိတ်ကို တည်စေခြင်း) ရှုပွားခြင်း။

ဤ ဘာဝနာတို့၌ အချိန်ပြည့် အားထုတ်နိုင်လျှင် အလွန် ကောင်းသည်ဟု ဆိုရပါမည်။ သို့ရာတွင် ထိုသို့ပြုလုပ်ရန် အချိန် မရကြသောလူလည်း များစွာ ရှိပါလိမ့်မည်။ ထိုသူတို့အဖို့ အထက်ပါ ဘာဝနာအာရုံတို့ကို အလုပ်လုပ်ယင်း ဆွေးနွေး စကားပြောယင်း၊ စီမံကိန်းများ ချမှတ်ယင်း၊ လမ်းလျှောက် ယင်း၊ ညှော်သည်ကို စောင့်ယင်း အစရှိသည့်အချိန်တို့၌ သတိရ အောက်မေ့တတ်သည့် အလေ့အကျင့်ကို တတ်အားသမျှ ပြုစုပျိုးထောင်ထားသင့်သည်။ အချိန်တန်လျှင် ဤသို့တတ်အား

သမ္ဗုဒ္ဓ ပြုစု ပျိုးထောင်ခြင်း၏အကျိုး ကျေးဇူးများ အသုံးဝင်ကြောင်း တွေ့ရှိရပေမည်။ မကြာမီ ၎င်း ဗုဒ္ဓ ပါဒ် အခြေခံလေးမျိုး၏ မျိုးစေ့ သည် တဖြည်းဖြည်းချင်း ရှင်သန်၍ လာသည်ကို တွေ့ရပေမည်။ ထိုအခါတွင်ထိုလူတို့သည် ဝိပဿနာ ဘာဝနာစခန်းသို့ အလွယ်တကူ တက်လှမ်း နိုင်ကြမည်ဖြစ်ပေသည်။

အင်္ဂုတ္တရနိကာယ်၊ ပထမဝဂ်၊ ကေဓမ္မသုတ်၌ မြတ်စွာဘုရားသည် ဒုက္ခ၏အဆုံးကို ရှာဖွေသော သူတို့ မျက်ခြေမပြတ်လိုက်နာရမည့်ဘာဝနာ ဆယ်ပါးကို ဟောကြား တော်မူ ခဲ့သည်၊ (အောက်၌ အကျဉ်း ဖေါ်ပြပါသည်)။

''ရဟန်းတို့ မပြတ်မလပ်အထပ်ထပ် လေ့ကျင့် အပ်သည့် အနုဿတိ(ဘာဝနာ)ဆယ်ပါး''ရှိ၏။ ယင်းတို့မှာအောက်ပါ အတိုင်းဖြစ်၏။

(က) ဗုဒ္ဓါနုဿတိ (ဘုရားရှင်၏ ဂုဏ်တော်တို့၌ စိတ်ကို တည်စေခြင်း) ရှုပွားခြင်း။

(ခ) ဓမ္မာနုဿတိ (တရားတော်၏ဂုဏ်တော်တို့၌စိတ်ကိုတည်စေခြင်း) ရှုပွားခြင်း။

(ဂ) သံဃာနုဿတိ (သံဃာတော်၏ဂုဏ်တော်တို့၌စိတ်ကိုတည်စေခြင်း)ရှုပွားခြင်း။

(ဃ) သီလာနုဿတိ (မိမိ၏သီလဂုဏ်တို့၌ စိတ်ကိုတည်စေခြင်း) ရှုပွားခြင်း။

(င) စာဂါနုဿတိ (မိမိ၏ ပေးကမ်းခြင်းအမှု၌ စိတ်ကိုတည်စေခြင်း) ရှုပွားခြင်း။

(စ) ဒေဝတာနုဿတိ (မိမိ၌လည်း နတ်တို့၌ရှိ သော ယုံကြည်မှုသဒ္ဓါ၊ ဒါန၊ သီလတို့ရှိသည့်အဖြစ်၌ စိတ်ကို တည်စေ ခြင်း) ရှုပွားခြင်း။

(ဆ) အာနာပါနဿတိ (ထွက်သက်ဝင်သက်၌ စိတ်ကိုတည်စေခြင်း) ရှုပွားခြင်း။

(ဇ) မရဏဿတိ (သေခြင်းတရားကို မည်သူမျှ မလွှဲမရှောင်နိုင် ခြင်း၌ စိတ်ကို တည်စေခြင်း) ရှုပွားခြင်း။

(ဈ) ကာယဂတာသတိ (မိမိခန္ဓာကိုယ်၏ စက်ဆုပ်ဖွယ်အခြင်းအရာ၌စိတ်ကို တည်စေခြင်း) ရှုပွားခြင်း။

(ည) ဥပသမာနုဿတိ (နိဗ္ဗာန်တရား တော်မြတ်၌ စိတ်ကိုတည်းစေခြင်း) ရှုပွားခြင်း။

ရဟန်းတို့ ဤဘာဝနာတို့ကိုအဖန်ဖန်ပွားများသောသူသည် ဒုက္ခ၏ အဆုံးကို ရှာဖွေရာတွင်ယင်းတို့သည်များစွာ အထောက်အကူပြုကြောင်း တွေ့ရှိရပေမည်။

## ၄- ဣန္ဒြေငါးပါး

ဣန္ဒြိယ ဆိုသည်မှာ အစိုးရခြင်းဟု အဓိပ္ပာယ် ရသည်။ ဣန္ဒြေငါးပါးကား

(က) သဒ္ဓိန္ဒြိယ-ဘုရား-တရား-သံဃာ တို့မှာ ယုံကြည်သော သဒ္ဓါတရား၌အစိုးရခြင်း၊ မဂ်တရား တို့အား ရရှိစေမှု အတွက်ဘုရားအဆုံးအမတော်၌ ကောင်းစွာတည်ခြင်း လည်းဟူ—

(ခ) ဝိရိယိန္ဒြိယ-မိမိ၏ အားထုတ်မှု၌အစိုးရခြင်း။

(ဂ) သတိန္ဒြိယ-သတိ မြဲမြံခြင်း၌ အစိုးရခြင်း။

(ဃ) သမာဓိန္ဒြိယ-မိမိ၏စိတ်တည်ငြိမ်မှု၌ အစိုးရခြင်း။

(င) ပညိန္ဒြိယ—ဝိပဿနာ ဉာဏ်၌ အစိုးရခြင်းတို့ ဖြစ်လေသည်။

## ၅-ဗလငါးတန်

ဗလဆိုသည်မှာ'အား'ဟုအဓိပ္ပါယ်ရသည်။ ဗလငါးတန် ဆိုသည်ကာ-

(က) သဒ္ဓါဗလ (ယုံကြည်မှုအားကြီးခြင်း)

(ခ) ဝိရိယဗလ (လုံ့လထုတ်မှုအားကြီးခြင်း)

(ဂ) သတိဗလ (အမှတ်ရမှု၊ သိမှုသတိအားကြီးခြင်း)

(ဃ) သမာဓိဗလ (အာရုံစူးစိုက်မှုသမာဓိအားကြီးခြင်း)

(င) (ပညာဗလ ဝိပဿနာဉာဏ်အားကြီးခြင်း) တို့ဖြစ်ကြ၏။

ဤဣန္ဒြေငါးပါးနှင့် အားငါး ါးတို့မှာထပ်တူပင်ဖြစ်ကြ၏။ သဒ္ဓါ၊ဝီရိယ၊သတိ သမ ဓိ၊ပညာတို့သည်ယောဂီအားမဂ်ဉာဏ်ရရှိရေးအတွက်မှန်မှန်တိုးတက်မှုရှိစေရန် အထောက်အကူပြုသောအခါယင်းတို့ကိုဣန္ဒြေဟုခေါ်သည်၊သဒ္ဓါ၊ဝီရိယ၊သတိ၊သမာဓိ၊ပညာတို့သည်နှစ်သက်တွယ်တာမှု၊ပျင်းယိမှု သတိကင်းမဲ့မှု၊စိတ်မတည်ငြိမ်မှု၊တွေဝေမှုတည်းဟူသော မဂ်အန္တရာယ်များကိုတိုက်ဖျက်သောအခါယင်းတို့ကို 'ဗလ'(ငါးတန်)ဟုခေါ်သည်။

## ရန်သူကိုတိုက်ခိုက်ရာတွင်အရေးပါပုံ

ယောဂီအဖို့ဤရန်သူငါးပါးတို့ကို တိုက်ဖျက်ရန်လည်း(ထို့အတူပင်)အရေးကြီးလေသည်။ ယောဂီသည်ထို (ရန်သူ) တို့ကို မတိုက်ခိုက်နိုင်လျှင်သူသည်မဂ်ဉာဏ်တည်းဟူသော ပန်းတိုင်သို့ ရောက်တော့မည် မဟုတ်ချေ။ ထို့ကြောင့် ဘုရားရှင်တော်က ဤသို့အလေးအနက်မိန့်ကြားခဲ့သည်။

ရဟန်းတို့– သဒ္ဓါဗိုလ်ကိုတိုးပွားစေလော
ဝီရိယဗိုလ်ကိုတိုးပွားစေလော

သတိဗိုလ်ကိုတိုးပွားစေလော
သမာဓိဗိုလ်ကိုတိုးပွားစေလော
ပညာဗိုလ်ကိုတိုးပွားစေသော

## တိုးပွားစေရန်နည်း

ယင်းဗိုလ်တို့ကို တိုးပွားစေနည်းမှာ ဣန္ဒြေ ပါဒ် လေးပါးတို့ကိုတိုးပွားစေနည်းအတိုင်းပင်ဖြစ်သည်။

## ၆-သမ္ဗောဇ္ဈင် ခုနစ်ပါး

သမ္ဗောဇ္ဈင် ဆိုသည်မှာ မဂ်ဉာဏ်ရရှိရေးအတွက် အထောက်အပံ့ပေးသောအင်္ဂါရပ်များ ပင်ဖြစ်သည်။ သမ္ဗောဇ္ဈင်ခုနစ်ပါးကား-

(က) သတိသမ္ဗောဇ္ဈင်-သတိသမ္ဗောဇ္ဈင်ကိုသတိရှိခြင်းဟုပြန်ဆိုထားသည်။ မဂ္ဂင် ရှစ်ပါးမှ သမ္မာသတိနှင့်အနက်တူဖြစ်သည်။ ယောဂီအား မဂ်ဉာဏ်သို့ဆိုက်ရောက်အောင် ခေါ်ဆောင်သွားသည့် သတိပဋ္ဌာန် လေးပါး ဟူ၍လည်း အဓိပ္ပါယ်ရသည်။

(ခ) ဓမ္မဝိစယသမ္ဗောဇ္ဈင်—တရားတော်များကိုစူးစမ်းစစ်ဆေးခြင်းဟုပြန်ဆိုသည်၊ ယောဂီအားသူ၏

ဉာဏ်တို့ကို မည်သူမျှရနိုင်မည်မဟုတ်၊ သမာဓိ သမ္ဗောဇ္ဈင် ရှိလျှင် ဝိပဿနာဉာဏ်၏ ရန်သူ တို့သည် မဖျက်ဆီးနိုင်၊ သမာဓိအား ကောင်း လေလေ၊မဂ်ဉာဏ်ဆိုက်လွယ်လေလေဖြစ်သည်။

(ဆ) ဥပေက္ခာ သမ္ဗောဇ္ဈင် ＝ စိတ် ငြိမ်သက် ခြင်းဟု
အဓိပ္ပာယ် ပြန်သည်။
ဤ ဗောဇ္ဈင်ကိုဥပမာ ပုံ
ဆောင်၍ ပြသင့်သည်။

မဂ်လေးတန်ဖြင့်အနုသယခုနှစ်ပါးကိုအကြွင်းမဲ့ ပယ်ပြီးဖြစ်သော ရဟန္တာ ပုဂ္ဂိုလ်သည် ရူပါရုံ ကို မြင်လျှင် သူ၌ နှစ်သက်ခြင်းလည်း မဖြစ်၊ မနှစ်သက်ခြင်းလည်းမဖြစ်၊ သူ့စိတ်မှာ မည်သို့ မျှမရှိ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ တို့တွင်လည်း သူ့မှာနှစ်သက်ခြင်းလည်းမဖြစ်၊ မနှစ်သက်ခြင်းလည်းမဖြစ်၊သူ့စိတ်မှာမည်သို့မျှ မရှိ လုံးဝငြိမ်သက်၏။ ထို(ရဟန္တာပုဂ္ဂိုလ်)၏ အာရုံ၆ခြာက်ပါး၌ စိတ် ငြိမ်သက်မှုကို ဆဠင်္ဂု ပေက္ခာစိတ်ဟုခေါ်သည်။ ယောဂီသည်၊ဝိပဿ နာ အားတုတ်သောအခါ၊ ဝိရိယနှင့် သမာဓိမျှ တအောင်ထားနိုင်သော ဉာဏ်ရောက် သောသူ သည် ဗောဇ္ဈင်ကို ပေက္ခာစိတ်ကိုရသည်၊ ခြားနား

မှုမှာကျ၍သို့တည်း၊ ဆင္ဌဂုံ ပေက္ခာ စိတ်သည် အာရုံ-၆-ပါး၌ ဝမ်းသာဝမ်းနည်းမဖြစ်ပေါ်ပေ။ ဗောဇ္ဈင်္ဂ ပေက္ခာစိတ်သည်တရားအားထုတ်သောအခါ၊ ဝီရိယနှင့် သမာဓိ-ပညာ-တို့ကို အညီအမျှဖြစ်ပေါ်စေသည်။

ယောဂီသည်ဗောဇ္ဈင်္ဂပေက္ခာ စိတ်ကို ရရှိသောအခါတွင် မဂ်နှင့်အတော်နီးနေပြီးဖြစ်၏။ ဝီရိယနှင့်သမာဓိကိုမျှတအောင် အတော်ကြာကြာထား နိုင်လျှင် မဂ်ဉာဏ်ကို မုချရတော့မည် ဖြစ်၏။

အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အရိယာမဂ်-ဤမဂ်သည်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။ မဂ်သည် အရိယာတို့သာ သိနားလည်နိုင်သည့် ကိစ္စဖြစ်၍ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယာမဂ်ဟု ခေါ်သည်။ အင်္ဂါရှစ်ပါး ဟူသည်ကား....

(က) သမ္မာဒိဋ္ဌိ = ကောင်းစွာမြင်ခြင်း (အမြင်မှန်ခြင်း)

(ခ) သမ္မာသင်္ကပ္ပ = ကောင်းစွာကြံစည်ခြင်း (မှန်ကန်သော တွေးကြံမှု)

(ဂ) သမ္မာဝါစာ = ကောင်းစွာ စကားဆိုခြင်း (မှန်ကန်သော စကားဆိုခြင်း)

(ဃ) သမ္မာ ကမ္မန္တ = ကောင်းစွာလုပ်ဆောင်ခြင်း
(မှန်ကန်သော ကျင့်သုံးမှု)

(င) သမ္မာအာဇီဝ = ကောင်းစွာ အသက်မွေးခြင်း။

(စ) သမ္မာဝါယာမ = ကောင်းစွာအားထုတ်ခြင်း။

(ဆ) သမ္မာ သတိ = ကောင်းစွာ သတိ ရှိခြင်း
(မှန်ကန်သော သတိရှိခြင်း)

(ဇ) သမ္မာ သမာဓိ = ကောင်းစွာ စိတ်တည်ကြည်ခြင်း တို့ဖြစ်သည်။

အရိယာမဂ်၏အင်္ဂါရှစ်ပါးကို ဘုရားရှင်တော်သည် (မဟာ) သတိပဋ္ဌာနသုတ်ထွင် အကျယ်ဟောတော်မူခဲ့သည်။ အကျဉ်းကား အောက်ပါအတိုင်း ဖြစ်၏။

(က) ဒုက္ခကို (ဟုတ်မှန်သည့်အတိုင်း)သိခြင်း။
ဒုက္ခဖြစ်ကြောင်းကို (ဟုတ်မှန် သည့် အတိုင်း) သိခြင်း။

ဒုက္ခ၏ အဆုံးကို (ဟုတ် မှန် သည့် အတိုင်း) သိခြင်း။

ဒုက္ခချုပ်ရာသို့ သွားရာလမ်းကို (ဟုတ်မှန်သည့် အတိုင်း) သိခြင်းတို့သည် ကောင်းစွာမြင်ခြင်း (အမှန်မြင်ခြင်း) ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိ မဂ္ဂင်တည်း။

(ခ) ဒုက္ခချုပ်ရာကို ရည်မှန်း၍ လောကီအာရုံ ကာမဂုဏ်တို့ကို စွန့်ရန် (နှလုံးသွင်းမှု) တွေးကြံမှု၊ ဒုက္ခချုပ်ရာကို ရည်မှန်း၍ (ညှင်းဆဲခြင်း ကင်းသော) မေတ္တာစိတ်ဖြင့် တွေးကြံမှု၊ ဒုက္ခချုပ်ရာကို ရည်မှန်း၍ ကရုဏာ စိတ်ဖြင့် တွေးကြံမှုတို့သည် ကောင်းစွာ ကြံစည်ခြင်း (မှန်ကန်သော တွေးကြံမှု) ဟုဆိုအပ်သော သမ္မာသင်္ကပ္ပ မဂ္ဂင်တည်း။

(ဂ) မမှန်သော စကား ကင်းစင်သော စကားကို ဆိုခြင်း (အမှားမပါသော စကားကိုဆိုခြင်း)။ လူတဦးနှင့် တဦး မုန်းတီးအောင် ဂုံးချောမှုမပါသော စကားကို ဆိုခြင်း၊ ရှန့်ရင်း ကြမ်းတမ်းမှု ကင်းသော စကားကိုဆိုခြင်း၊ အကျိုးမဲ့စကားများကင်းသော စကားကို ဆိုခြင်း တို့သည် ကောင်းစွာ စကားဆိုခြင်း (မှန်သော စကားကိုဆိုခြင်း) တည်းဟူသော သမ္မာဝါစာ မဂ္ဂင်တည်း။

(ဃ) သူ့အသက်မသတ်ခြင်း၊ အရှင်မပေးသောဥစ္စာကိုမယူခြင်း၊ မှားယွင်းသောနည်းဖြင့်ကာမစ္ဆန္ဒကိုမဖြေဖျောက်ခြင်း တို့သည် ကောင်းစွာလုပ်ဆောင်ခြင်း၊ မှန်ကန်သော အကျင့်ဟု ဆိုအပ်

သောသမ္မာကမ္မန္တ မဂ္ဂင်ပေတည်း (သူများအိမ်ယာကိုကိုယ်ထိလက်ရောက် ကျူးလွန် ပြစ်မှားခြင်း၊သေရည်သေရက်သောက်စားခြင်းတို့သည် မှားယွင်းသော နည်းဖြင့် ကာမစ္ဆန္ဒကို ဖြေဖျောက်သည်မည်၏။)

(င) မှန်ကန်သော နည်းအားဖြင့် အသက် မွေးမှုပြုခြင်းသည်ကောင်းစွာ အသက်မွေးခြင်းဟူသော သမ္မာအာဇီဝမဂ္ဂင်ပေတည်း။

(စ) မဂ်ဥာဏ်ရရှိစေရန် နောက်မဆုတ်တမ်းကြိုးစားအားထုတ်ခြင်းသည်ကောင်းစွာအားထုတ်ခြင်းတည်းဟူသော သမ္မာဝါယာမမဂ္ဂင်တည်း(သမ္မပ္ပဓာန်လေးပါးကိုကြည့်ပါ)။

(ဆ) ယောဂီအား နာမ်ရုပ်တို့၏ အနိစ္စ၊ဒုက္ခ၊အနတ္တ၊ အသုဘ လက္ခဏာများကို ထင်မြင် နိုင် စေသည့် ကောင်းသောသတိရှိခြင်း၊ မှန်ကန် သော သတိရှိခြင်းသည် ကောင်းစွာသတိရှိခြင်းဟူသောသမ္မာသတိမဂ္ဂင်ပေတည်း။ (သတိပဋ္ဌာန်လေးပါးကိုကြည့်ပါ)။

(ဇ) ပထမ ရူပဈာန်၊ ဒုတိယ ရူပဈာန်၊ တတိယ ရူပဈာန်၊ စတုတ္ထရူပဈာန်တို့သည် ကောင်း စွာစိတ်

တည် ကြည်ခြင်းတည်းဟူသော သမ္မာ သမာဓိ မဂ္ဂင်ပေတည်း။

## ဘချုပ်အားဖြင့်ဆိုရသော်

ဗောဓိပက္ခိယ တရား သုံးဆယ့်ခုနစ်ပါးသည် စင်စစ်အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသောအရိယမဂ်ကို အကျယ်ဖွင့်ခြင်းပေတည်း။ သို့မဟုတ်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယာမဂ်သည်၊ ဗောဓိ ပက္ခိယတရား သုံးဆယ့်ခုနစ်ပါး၏ အနှစ်ချုပ်ပေတည်း။

* * *

## ၁။ သတိပဋ္ဌာနသံယုတ္တပါဠိ

### အမ္ဗပါလိသုတ်နိဒါန်း

ရဟန်းတို့၊ ငါသည်ထူးသော ဉာဏ်ဖြင့်သိ၍ ဟောကြားအပ်သောတရားတို့ကိုသင်တို့သည်ကောင်းစွာသင်ယူ၍ မှီဝဲအပ်ကုန်၏၊ပွားများအပ်ကုန်၏၊အဖန်ဖန်လေ့ကျင့်အပ်ကုန်၏။ ဤသို့မှီဝဲပွားများလေ့ကျင့်သည်ရှိသော်ဤမြတ်သောအကျင့်သည် အရှည်ခန့်လျက်ကြာမြင့်စွာ တည်တံ့နိုင်ရာ၏။ ထိုသို့တည်တံ့ခြင်းသည်လူအများ၏၊စီးပွားချမ်းသာအလို့ငှာ--ဖြစ်ပေရာ၏။

ရဟန်းတို့၊ ငါသည်ထူးသောဉာဏ်ဖြင့်သိ၍ ဟောကြားအပ်သောတရားတို့သည် အဘယ်တရားတို့နည်းဆိုသော်-သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ အင်္ဂါရှစ်ပါးရှိသောအရိယမဂ်တို့ပေတည်း။

(မဟာပရိနိဗ္ဗာနသုတ်မြန်-၁၁၆)

အထက်ပါစကား ရပ်မှာမဟာ ပရိနိဗ္ဗာနသုတ်မှ မြတ်စွာဘုရားပရိနိဗ္ဗာန်မစံမီသုံးလခန့်အလိုတွင် ရဟန်းတို့အားအထူးမှာကြားချက်ပေးခဲ့သောစကား တော်ဖြစ်ပါသည်။ ဒီဃနိကာယ်ပါသာဒိကသုတ်၌ လည်းစုန္ဒ ငါသည်ထူးသော ဉာဏ်ဖြင့်သိ၍ ဟောကြားအပ်သည့် သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး အစရှိသောတရား တို့ကိုသင်တို့သည် ပေါင်းဆုံစုဝေး၍ အညီအညွတ်ရွတ်ဆိုအပ်၏။ ထိုသို့ရွတ်ဆိုခြင်းသည် အကျင့်မြတ်၏ အခွန့်ရှည်စွာတည်တံ့ခြင်း ငှာဖြစ်ပေရာ၏ ဟူ၍မိန့်ကြားခဲ့ပါသည်။

ဖော်ပြပါဟောကြားချက် များအရသတိ ပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါးအစရှိသော ဗောဓိပက္ခိယတရား (၃၇)ပါးတို့သည်သာသနာ တော်အခွန့်ရှည်စွာတည်ကြောင်း တရားများဖြစ်ကြောင်းထင်ရှားပေါ်လွင်လျက်ရှိပါသည်၊သတိပဋ္ဌာန်လေး

ပါးမှာထိုပဗ္ဗာဓိပကရဏ၏ယတရား–၃၇ ပါးထဲ၌ ပထမ ဦးဆုံးပါဝင်သောတရားလေးပါးဖြစ်ပါသည်။

မြတ်စွာဘုရားသည် သတိပဋ္ဌာန်လေးပါးကို ကုရုတိုင်းကမ္မာသဒမ္မနိဂုံး၌သီတင်းသုံးစဉ်ကုရုတိုင်းသားရဟန်းတို့အားအကျယ်အားဖြင့်ဟောကြားခဲ့ပါသည်။ ကုရုတိုင်းမှာ ဥတုသပ္ပါယမျှတကောင်းမွန်၍ကုရုတိုင်းသူတိုင်းသားသည်လည်းများသောအားဖြင့်နက်နဲသောတရား ဒေသနာကိုနာယူမှတ်သားနိုင်သောဉာဏ်ပညာနှင့်ပြည့်စုံကြသည်ဟု ဆိုပါသည်။ ထို့ကြောင့်နက်နဲသောအနက်အဓိပ္ပာယ်နှင့်ပြည့်စုံသော သတိပဋ္ဌာန်တရားလေးပါးကို၊ ကုရုတိုင်း၌ အကျယ်အားဖြင့် ဟောကြားခဲ့ခြင်းဖြစ်သည်။ထို့ပြင်အဘိဓမ္မာပိဋကာ၊ ဝိဘင်းပါဠိတော်၌လည်း သတိပဋ္ဌာန်လေးပါးကိုအကျယ် ဟောကြားသည့် သတိပဋ္ဌာနဝိဘင်းဟူ၍ ပါရှိပါသည်။

မြတ်စွာဘုရားသည် သတိပဋ္ဌာန်လေးပါးကို အကျယ်အားဖြင့် မဟုတ်မူပဲ အကျဉ်းအားဖြင့် လည်းကောင်း၊ မကျဉ်းမကျယ်အားဖြင့် လည်းကောင်း၊ အကြိမ်ပေါင်းများစွာ ဟောကြားခဲ့ပါသည်။ ထိုဟောကြားချက်များကိုသံယုတ္တနိကာယ်၌ သတိပဋ္ဌာန သံယုတ်ဟူသော အမည်ဖြင့် စုပေါင်း၍ သံဂါယနာတင်ထားပါသည်။

ဤအမ္ဗပါလိသုတ်သည် သတိပဋ္ဌာနသံယုတ် မှ သတိပဋ္ဌာန်လေးပါးကို အကျဉ်းအားဖြင့် ဟောကြားသော သုတ်တသုတ်

ဖြစ်ပါသည်။ ဤသုတ်ကို မြတ်စွာဘုရားသည် ဝေဠုဝရွာ၌ နောက်ဆုံးဝါကပ်ရန်အတွက် ဝေသာလီပြည်သို့ ဆိုက်ရောက်လာပြီး အမ္ဗပါလီ သရက်တောဥယျာဉ်၌သီတင်းသုံးစဉ် ဟောကြားခဲ့ခြင်းဖြစ်ပါသည်။

အမ္ဗပါလီမှာ ဝေသာလီပြည်မှ လိစ္ဆဝီမင်းတို့ မြောက်စားဂုဏ်ပြုထားသည့် အလှမယ်တပါး ဖြစ်ပါသည်။ ထိုအမ္ဗပါလီသည် အခါတပါး၌ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ သာသနာတော်၌ သက်ဝင်ကြည်ညိုပြီး မိမိ၏ သရက်ဥယျာဉ်၌ ကျောင်းကန်ဇရပ်များ ဆောက်လုပ်ကာ မြတ်စွာဘုရားအား လှူဒါန်းခဲ့ပါသည်။ ဝေသာလီပြည်သို့ မြတ်စွာဘုရား ကြွရောက်လာပြီး မိမိ၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေကြောင်း ကြားသိသောအခါ အမ္ဗပါလီသည် ကောင်းမွန်သော ယာဉ်ရထားများဖြင့် မြတ်စွာဘုရားထံချဉ်းကပ်၍ ဆွမ်းစားပင့်ဖိတ်ခဲ့၏။ ထိုပင့်ဖိတ်ချက်ကို မြတ်စွာဘုရားက လက်ခံတော်မူလိုက် သဖြင့် အမ္ဗပါလီသည် ဝမ်းမြောက် ကျေနပ်စွာ ဥယျာဉ်မှ ပြန်ခဲ့၏။ မြတ်စွာဘုရားအား ဖူးမြင်ရန် ထွက်လာသော လိစ္ဆဝီမင်းသားတို့၏ ရထားများကိုပင် မိမိရထားဖြင့် တိုက်မိစေပြီး မိမိ၏ ဆွမ်းပင့်ဖိတ်ခြင်းကို မြတ်စွာဘုရားက လက်ခံတော်မူလိုက်ကြောင်း ပြောကြား ကြွေးကြော်ခဲ့၏။

မြတ်စွာဘုရားက ရဟန်းတို့အား သတိပဋ္ဌာန် လေးပါးကို ဟောကြားခြင်းမှာ အမ္ဗပါလီ ကျောင်းတော်သို့ရောက်မလာမီ

ကြိုတင်၍ ဟောကြားခြင်းဖြစ်၏။ ထိုသို့ ကြိုတင်ဟောကြား ခြင်း၏ ရည်ရွယ်ချက်ကား ကျောင်းတော်သို့ ရောက်လာစဉ်၌ လည်းကောင်း၊ သူ့အိမ်သို့ ဆွမ်းစားကြွစဉ်၌ လည်းကောင်း၊ အလှမယ်ဖြစ်သော အမ္ဗပါလီ၏ ရုပ်အဆင်းကို တွေ့မြင်ရသော ပုထုဇဉ်ရဟန်းတို့အား သတိလက်လွတ် မဖြစ်စေရန်ဖြစ်သည်။ မှန်၏၊ သတိပဋ္ဌာန်လေးပါးတို့တွင်—

(၁) ကာယာနုပဿနာသတိ ပဋ္ဌာန်ဖြင့် ကိုယ်ခန္ဓာ၌ တင့်တယ်၏ ဟူသော စွဲလမ်း မှတ်ထင်မှု ကိုပယ် ဖျောက်နိုင်၏။

(၂) ဝေဒနာနုပဿနာဖြင့်ခံစားမှုဝေဒနာ၌ ချမ်းသာ၏ဟူသောစွဲလမ်းမှတ်ထင်မှုကိုပယ်ဖျောက်နိုင်၏

(၃) စိတ္တာနုပဿနာဖြင့် စိတ်၌မြဲ၏ ဟူသောစွဲလမ်း မှတ်ထင်မှုကိုပယ် ဖျောက်နိုင်၏။

(၄) ဓမ္မာနုပဿနာဖြင့် ခန္ဓာအာယတန စသော တရားတို့၌ အတ္တဟု စွဲလမ်း မှတ်ထင်မှုကို ပယ် ဖျောက်နိုင်၏-ဟုဆိုပါသည်။

အထက်ဖော်ပြပါမြတ်စွာဘုရား၏ ရည်ရွယ်တော်မူချက်နှင့် အညီသုဘ၊ သုခ၊ နိစ္စ၊ အတ္တဟူသောစွဲလမ်းမှုများကင်းပျောက်

ချိမျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်တိုင် အောင်ဆိုက်ရောက်စေနိုင်သောသတိပဋ္ဌာန်လေးပါးကို ပွားများအား ထုတ်နိုင်ကြစေရန်အတွက် ဤဗောဓိပက္ခိယဝတ်ရွတ်စဉ်၌ အမှုပါလိသုတ်ကို ရှေးဦးစွာဖော်ပြထားခြင်းဖြစ်ပါသည်။

(၆)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## (၁)–သတိပဋ္ဌာန သံယုတ္တပါဠိ။

### ၁–အမ္ဗပါလိသုတ္တံ ။

၃၆၇။ ဧဝံ မေ သုတံ– ဧကံ သမယံ ဘဂဝါ ဝေသာလိယံ ဝိဟရတိ အမ္ဗပါလိဝနေ။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ 'ဘိက္ခဝေါ'တိ။ 'ဘဒန္တေ'တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ -

ဧကာယနာယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒောမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ ကတမေ စတ္တာရော၊ ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ **အဘိဇ္ဈာ**

ဒေါမနဿံ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ ၊ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။ ဧကာယနွာယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာတိ။

ဣဒမဝေါစ ဘဂဝါ။ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။ ။

* * *

## ဗောဓိပက္ခိယတရား (၃၇)ပါး သံယုတ်ပါဠိတော် မြန်မာပြန်

### ၁။ သတိပဋ္ဌာနသံယုတ် မြန်မာပြန်

### ၁–အမ္ဗပါလိသုတ်

၃၆၇။ ။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်- အခါတပါး၌ မြတ်စွာ ဘုရားသည် ဝေသာလီ ပြည် အမ္ဗပါလိ (ပြည့်တန်ဆာမ) ၏ သရက် ဥယျာဉ်၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရား သည် ရဟန်းတို့ကို 'ရဟန်းတို့' ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် 'အသျှင်ဘုရား' ဟု မြတ်စွာဘုရား အား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရား သည် ဤစကားကို မိန့်တော်မူ၏။

ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်း ဖြစ်ပေ၏။ ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့တည်း။ အဘယ် လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည် ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမ နဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ဆင်ခြင်ဉာဏ်'သမ္ပဇဉ်အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ဝေဒနာတို့၌ ဝေဒနာကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည် ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌

သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ် ပူပန်ခြင်း၊ ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် အရိယ မဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏။ ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်း။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို လွန်စွာ နှစ်သက် ဝမ်းမြောက်ကြလေကုန်၏ဟု (မိန့်တော်မူ၏)။

............) း၀း(.. ........

## သတိပဋ္ဌာနသံယုတ်

## အမ္ဗပါလိသုတ်

## မြန်မာပြန်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်

**လောကဥ္စ အဘိဇ္ဈာ ဒေါမနဿကိုပယ်ဖျောက်လျက်**=သတိဖြင့် ရှုမှတ်သော ရုပ်အပေါင်း(ကာယ)သည်ပင်အဖန် တလဲလဲ ပျက်ဆီးတတ်သောကြောင့် 'လောကမည်၏။ ထိုရုပ်အပေါင်းဟူသော လောကကို သတိဖြင့် မရှုမိပါက၊ လိုချင်နှစ်သက်ခြင်း လောဘ၊ မကျေနပ်မနှစ်သက်ခြင်း ဒေါမနဿများ ဖြစ်ပေါ်လာနိုင်၏။ ရုပ်အပေါင်း၌ မမြဲသော ဆင်းရဲသော အစိုးမရသော၊ မတင့်တယ်သော ရုပ်အပေါင်းမျှသာ ဖြစ်၏ ဟူ၍ ရှုလျက်နေသူမှာမူ ထိုတရားများ မဖြစ်နိုင်ချေ။ ထို့ကြောင့် လောကဥ္စ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက်ဟု ဟောကြားခြင်း ဖြစ်ပါသည်။

(ဝေဒနာ စသည်တို့၌လည်း ထိုနည်းတူပင် ဖြစ်ပါသည်။) **ဝေဒနာတို့၌ဝေဒနာတို့ကိုအကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏**- သုခ၊ ဒုက္ခ၊ ဥပေက္ခာဟူသော ဝေဒနာသုံးပါးတို့၌ မမြဲသော၊ ဆင်းရဲသော၊ အစိုးမရသော ခံစားမှုမျှသာဖြစ်၏ဟု ရှုရမည်။ တနည်းအားဖြင့် ဝေဒနာဟူသမျှကို ပြုပြင်ပြောင်းလဲခြင်း၊ သင့်ရသဘောနှင့်မကင်းနိုင်သောကြောင့် ဒုက္ခဟု ရှုရမည်ဟု ဆိုပါသည်။

**စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏**=ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ ဝိပါက်စိတ် ကိရိယာစိတ် စသည်အားဖြင့် ကွဲပြားသောစိတ်တို့၌ ဤစိတ်သည် ရာဂနှင့် တကွ ဖြစ်သောစိတ်ဖြစ်၏။ ဤစိတ်သည်ရာဂကင်းသောစိတ်ဖြစ်၏၊ စသည်ဖြင့်ရှုရမည်၊ တနည်းအားဖြင့်စိတ်ကိုလည်းမမြဲသောဆင်းရဲသောအစိုးမရသော ကြံသိမှုမျှသာ ဖြစ်၏ဟု ရှုရမည်ဟု ဆိုပါသည်။

**သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏**=ခန္ဓာ၊ အာယတနစသော သဘောတရားတို့၌ မမြဲသော၊ ဆင်းရဲသော အစိုးမရသော သဘောတရားမျှသာဖြစ်၏ဟုရှုရမည်။ မိမိ-သန္တာန်၌ ကာမစ္ဆန္ဒစသောနီဝရဏတရားများ ရှိလျှင်ရှိ၏ ဟူ၍လည်းကောင်း၊ မရှိလျှင်မရှိဟူ၍လည်းကောင်း သိရမည်။ ဤသို့သိခြင်းသည်လည်းတရားသဘောတို့၌ တရားသဘောဟု ရှုသည်မည်၏ဟု ဖွင့်ပါသည်။

........*........

## ၂။ သမ္မပ္ပဓာနသံယုတ္တပါဠိ

### ပါဠိနိသုတ်နိဒါန်း

ဗောဓိပက္ခိယ တရား (၃၇) ပါးတို့တွင် သမ္မပ္ပဓာန်လေး ပါးသည် ဒုတိယမြောက်ပါဝင်သော တရားလေးပါး ဖြစ်၏။ သမ္မပ္ပဓာန် (သမ္မပ္ပဓာန)ဟူသည် သင့်လျော်မှန်ကန်စွာ အား ထုတ်ခြင်းဟူ၍ အဓိပ္ပါယ်ရ၏" တရားကိုယ် အားဖြင့် ကား ဝီရိယ စေတသိက်ပင်ဖြစ်၏။ သင့်လျော်မှန်ကန်စွာ အား ထုတ်ခြင်း ဝီရိယသည်ပင် မဖြစ်သေးသော အကုသိုလ်တရား တို့ကို မဖြစ်စေခြင်း ဖြစ်ပေါ်လာသော အကုသိုလ်တရားတို့ကို ပယ်ခြင်းစသော ကိစ္စအားဖြင့် လေးမျိုးကွဲပြားသောကြောင့် သမ္မပ္ပဓာန်လေးပါး ဟောကြားခြင်းဖြစ်သည်။

သမ္မပ္ပဓာန် လေးပါးကိုဟောကြားသော သုတ်များသည် သံယုတ်တ္တနိကာယ် မဟာဝဂ္ဂပါဠိ၊ သမ္မပ္ပဓာနသံယုတ်၌ ပါရှိ ပါသည်။ ထို့ပြင် အဘိဓမ္မပိဋက ဝိဘင်းကျမ်း၌လည်း သမ္မပ္ပ ဓာန် လေးပါးကို အကျယ်ဟောကြားသည့် သမ္မပ္ပဓာနဝိဘင်း ဟူ၍ပါရှိပါသည်။ ဤပါဠိနိ သုတ်ကား သမ္မပ္ပဓာနသံယုတ် လာ ဘုရားဟော ဒေသနာတော်ပင်ဖြစ်ပေသည်။

(၇)

ပါစိနသုတ်၌ သမ္မပ္ပဓာန်လေးပါး၏ သရုပ်ကို ရှေးဦးစွာ ဟောကြားပါသည်။ ထို့နောက်ဂင်္ဂါမြစ်သည် အရှေ့ဘက်အရပ်သို့ ညွတ်ယိမ်းကိုင်းရှိုင်းသကဲ့သို့ သမ္မပ္ပဓာန်လေးပါးကို ပွားများသောပုဂ္ဂိုလ်သည်လည်း နိဗ္ဗာန်သို့ သာညွတ်ယိမ်းကိုင်းရှိုင်းကြောင်း ဟောကြားပါသည်။ စင်စစ်အားဖြင့် - သမ္မပ္ပဓာန်လေးပါးကို ပွားများသည်ဟူရာ၌ ယင်းတို့ကိုတသီးတခြား ပွားများဖွယ်မရှိ၊ သတိပဋ္ဌာန်လေးပါးကိုအားထုတ်ရာ၌ ထက်သန်သောပြင်းပြသော လုံ့လဝီရိယကိုဖြစ်စေခြင်းဖြင့်ပင် မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်း၊ ဖြစ်ပေါ်လာသော အကုသိုလ်တရားတို့ကို ပယ်ခြင်းစသော သမ္မပ္ပဓာန်ကိစ္စများ ပြီးမြောက်နိုင်ပါသည်။ ထက်သန် ပြင်းပြသော လုံ့လဝီရိယဟူသည် ငါ၏ခန္ဓာကိုယ်၌ အရေမျှပင်ကြွင်းစေ၊ အကြောမျှပင် ကြွင်းစေ၊ အရိုးမျှပင် ကြွင်းစေ၊ အသား အသွေး အားလုံးပင် ခန်းခြောက်စေကာမူ နောက်မဆုတ် တမ်း အားထုတ်မည်ဟူသော စိတ်ဓာတ်ဖြင့် မဆုတ်မနစ် အားထုတ်ခြင်းကို ဆိုလိုပေသည်။

သမ္မပ္ပဓာန်လေးပါးကို ဟောကြားသော အထက်ပါ ပါစိနသုတ်ကိုလည်း ဗုဒ္ဓဘာသာဝင်တိုင်း ထက်သန်ပြင်းပြသော လုံ့လဝီရိယဖြင့်ယုံကြည်စွဲမြဲစွာ ရွက်ဆိုပွားများသင့်လှပေသည်။

## (၂)-သမ္မပ္ပဓာနသံယုတ္တ ပါဠိ

### ၁-၁၂-ပါစီနာဒိသုတ္တ

၆၅၁-၆၆၂။ သာဝတ္ထိနိဒါနံ။ တတြ ခေါ ဘဂဝါ ဧတဒ ဝေါစ- စတ္တာရော မေ ဘိက္ခဝေ သမ္မပ္ပဓာနာ။ ကတမေ စတ္တာရော၊ ဣဓ ဘိက္ခဝေ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံဇနေတိ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ အသမ္မောသာယ ဘိယျောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ ဆန္ဒံ ဇနေတိ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ ဣမေ ခေါ ဘိက္ခဝေ စတ္တာရော သမ္မပ္ပဓာနာတိ။

သေယျထာပိ ဘိက္ခဝေ ဂင်္ဂါနဒီ ပါစီနနိန္နာ ပါစီနပေါဏာ ပါစီနပဗ္ဘာရာ။ ဧဝ မေဝခေါ ဘိက္ခဝေ ဘိက္ခု စတ္တာရော သမ္မပ္ပဓာနေ ဘာဝေန္တော စတ္တာရော သမ္မပ္ပဓာနေ ဗဟုလီကရောန္တော နိဗ္ဗာနနိန္နော ဟောတိ နိဗ္ဗာနပေါဏော နိဗ္ဗာနပဗ္ဘာရော။ ကထဉ္စ ဘိက္ခဝေ ဘိက္ခု စတ္တာရော သမ္မပ္ပဓာနေ ဘာဝေန္တော စတ္တာရောသမ္မပ္ပဓာနေဗဟုလီကရောန္တော နိဗ္ဗာနနိန္နော ဟောတိ နိဗ္ဗာနပေါဏော နိဗ္ဗာနပဗ္ဘာရော၊ ဣဓ ဘိက္ခဝေ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ၊ ဝါယမတိ ဝီရိယံအာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံပဟာနာယ ဆန္ဒံ ဇနေတိ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ၊ ပဒဟတိ၊ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ၊ ဝီရိယံအာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ အသမ္မောသာယ ဘိယျောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ ဆန္ဒံ ဇနေတိ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ ဧဝံခေါ ဘိက္ခဝေ ဘိက္ခု စတ္တာရော သမ္မပ္ပဓာနေ ဘာဝေန္တော စတ္တာရော သမ္မပ္ပဓာနေ ဗဟုလီကရောန္တော နိဗ္ဗာနနိန္နော ဟောတိ နိဗ္ဗာနပေါဏော နိဗ္ဗာနပဗ္ဘာရောတိ။

❋ ❋ ❋

(၂)–သမ္မပ္ပဓာန သံယုတ်မြန်မာပြန်

၁/၁၂- ပါဠိနစ်သော ၁၂-သုတ်

၆၅၁-၆၆၂။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် ဤတရားကိုဟောတော်မူ၏။ ရဟန်းတို့ သမ္မပ္ပဓာန်တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါး တို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏။ ဖြစ်ကုန်ပြီးသော ယုတ်ညံ့သော အကုသိုလ်တရားကို ပယ်ရန်အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်မြဲစေရန် မပျောက်ပျက်စေရန်၊ တိုးတက်ဖြစ်ပွားစေရန်၊ ပြန့်ပြောစေရန်၊ ပွားများမှုပြည့်စုံစေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏။ ရဟန်းတို့ သမ္မပ္ပဓာန်တို့သည် ဤလေးပါးတို့ပင်တည်းဟု(မိန့်တော်မူ၏။)

ရဟန်းတို့ ဂင်္ဂါမြစ်သည် အရှေ့အရပ်သို့ ညွတ်ကိုင်းရှိုင်း သကဲ့သို့ ဤအတူပင် ရဟန်းသည် သမ္မပ္ပဓာန် လေးပါးတို့ကို ပွားများသည်ရှိသော် ကြိမ်ဖန်များစွာပြုလုပ်သည်ရှိသော်နိဗ္ဗာန် သို့ ညွတ်ကိုင်းရှိုင်း၏။ ရဟန်းတို့ အဘယ်သို့လျှင်ရဟန်းသည် သမ္မပ္ပဓာန်လေးပါးတို့ကို ပွားများသည် ရှိသော် ကြိမ်ဖန်များ စွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မဖြစ်စေရန် အလို 'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏။ ဆောက်တည်၏။ ဖြစ်ကုန်ပြီးသော ယုတ်ညံ့သော အကုသိုလ် တရားတို့ကို ပယ်ရန်အလို 'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ မဖြစ်ကုန် သေးသော အကုသိုလ်တရားတို့ကို ဖြစ်စေရန် အလို 'ဆန္ဒ'ကို ဖြစ်စေ၏။ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်မြဲ စေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွား စေရန်ပြန့်ပြော စေရန် ပွားများမှု ပြည့်စုံစေရန် အလို 'ဆန္ဒ' ကို ဖြစ်စေ၏။ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ တည်ဆောက် ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သမ္မပ္ပဓာန်လေးပါးတို့ကို ပွားများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းသည်ဟု (မိန့်တော်မူ၏)။

သမ္မပ္ပဓာနသံယုတ်

ပါဠိနိဿုတ်

မြန်မာပြန်နှင့် အဓိပ္ပါယ် ရှင်းလင်းချက်

မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေရန်ဆန္ဒကိုဖြစ်စေ၏=ယခုဘဝ၌သော် လည်းကောင်း၊ အလားတူ အာရုံတမျိုးမျိုး၌သော် လည်းကောင်း၊ မိမိမှာ မဖြစ်ဘူးသေးသော အကုသိုလ်တရားများ သူတပါးတို့၌ဖြစ်ပေါ်နေသည်ကိုမြင်လျှင် မိမိ၌ ဖြစ်မလာအောင် အားထုတ်လိုသော ဆန္ဒကို ဖြစ်စေ၏ဟု ဆိုလိုပါသည်။

ဖြစ်ပြီးကုန်သော အကုသိုလ်တရားတို့ကို ပယ်ရန်ဆန္ဒကို ဖြစ်စေ၏=မိမိ၌ မကြာခဏ ဖြစ်ပေါ်ခဲ့ဖူးသော အကုသိုလ်များကို နောင်အခါ၌ မဖြစ်စေသော အားဖြင့် ပယ်နိုင်ရန် အားထုတ်လိုသောဆန္ဒကိုဖြစ်စေ၏ဟု ဆိုလိုပါသည်။

မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏ = ယခုဘဝ၌သော်လည်းကောင်း၊ အကြောင်းအာရုံ တမျိုးမျိုး၌သော်လည်းကောင်း၊ မိမိမှာ မဖြစ်ဘူးသေးသည့် ဒါန သီလ စသော ကုသိုလ်တရားများ ဖြစ်ပေါ်စေရန်၊ မရဘူးသေးသည့် ဈာန်မဂ်ဖိုလ်စသော တရားများကို ရရှိရန် အားထုတ်လိုသော ဆန္ဒကို ဖြစ်စေ၏ဟု ဆိုလိုပါသည်။

ဖြစ်ပြီးကုန်သော ကုသိုလ်တရားများကို တည်မြဲစေရန်ဆန္ဒကို ဖြစ်စေ၏ = မိမိရရှိထားသည့် ပထမဈာန် အစရှိသော လောကီ ဈာန်များ တည်တံ့စေရန် အားထုတ်လိုသော ဆန္ဒကိုဖြစ်စေ၏၊ မိမိမှာ ဖြစ်ပေါ်နေသည့် ဝိပဿနာ ကုသိုလ်များ တည်တံ့ တိုးပွားစေရန် အားထုတ်လိုသော ဆန္ဒကို ဖြစ်စေ၏၊ မိမိမှာ ယခင်က ဖြစ်ပေါ်ခဲ့ဖူးသော ဒါန သီလ ကုသိုလ်များ တိုးပွားဖြစ်ပေါ်စေရန် အားထုတ်လိုသော ဆန္ဒကို ဖြစ်ပေါ်စေ၏ဟု ဆိုလိုပါသည်။

## ၃။ ဗောဓိပက္ခိယတ္ထိ

## ညာဏာသုတ်နိဒါန်း

ဤညာဏသုတ်ကား ဗောဓိပက္ခိယတရား (၃၇)ပါးတို့တွင် အပါအဝင်ဖြစ်သည့် ဣဒ္ဓိပါဒ်လေးပါးကို ဟောကြားသော သုတ်ဖြစ်သည်။ မြတ်စွာဘုရားသည်ဣဒ္ဓိပါဒ်လေးပါးကိုသံယုတ္တနိကာယ်မဟာဝဂ္ဂ၊ ဣဒ္ဓိပါဒသံယုတ်၌ လည်းကောင်း၊အဘိဓမ္မာပိဋက၊ဝိဘင်းကျမ်း၊ ဣဒ္ဓိပါဒ ဝိဘင်း၌လည်းကောင်း အကျယ်ဟောကြားခဲ့ပါသည်။ ညာဏသုတ်မှာ ဣဒ္ဓိပါဒ သံယုတ်လာဘုရားဟောသုတ်တသုတ်ဖြစ်ပါသည်။

ဣဒ္ဓိပါဒ်ဟူသည် ပြီးမြောက်အောင်မြင်မှုတို့၏ အခြေခံဖြစ်သောတရားများဟူ၍ အဓိပ္ပါယ်ရပါသည်။ လောကီဈာန်အဘိညာဉ် တန်ခိုးများမှ စ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟူသော လော

ကုတ္တရာအကျိုးများကိုပြီးမြောက်စေလိုသော ပုဂ္ဂိုလ်သည်ထက်သန်သောဆန္ဒပြင်းပြသောစိတ်ဓာတ်မဆုတ်မနစ်သော ဝီရိယနှင့်တရားသဘောကိုစူးစမ်းဆင်ခြင်တတ်သောပညာ (ဝီမံသ) တို့တွင်အနည်းဆုံးတပါးပါးနှင့်ပြည့်စုံဖို့လိုပါသည်။ ထိုတရားလေးပါးတို့တွင်တပါးပါးကို ခိုင်မာ စွဲမြဲအောင်ထူထောင်၍ သတိပဋ္ဌာန်စသောတရားများကို ပွားများအားထုတ်မှသာလျှင်ချမ်းမင်္ဂဖိုလ်တို့ကိုပြီးမြောက်စေနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့်ဆန္ဒ၊ စိတ်ဝီရိယနှင့်ပညာ (ဝီမံသ)ဟူသော တရားလေးပါးတို့ကိုပြီးမြောက်မှု၏အခြေခံဖြစ်သော ဣဒ္ဓိပါဒ်လေးပါးဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။

မြတ်စွာဘုရားသည် ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေရင်း၌သုမေဓာရသေ့အဖြစ်ဖြင့် နိယတဗျာဒိတ်ကိုခံယူသည့်အချိန်မှစ၍လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး ဣဒ္ဓိပါဒ်လေးပါးကိုထူထောင်ပွါးများခဲ့ပါသည်။ ဟတ္ထိပါလမင်းသားဘဝ၊ တေမိမင်းသား ဘဝစသည်တို့၌ ဘုရားအလောင်းတော်၏စိတ်ဆန္ဒပြင်းပြပုံ၊ မဟာဇနကမင်းသားဘဝ၌ ဝီရိယခိုင်မာပုံများကိုအထင်အရှား တွေ့မြင်ရပါသည်။ ဤသို့ထက်သန်ပြင်းပြသောစိတ်၊ဆန္ဒ၊ မဆုတ်မနစ်သော လုံ့လဝီရိယဖြင့် ပါရမီဆယ်ပါးကိုအားထုတ် ဆည်းပူးခဲ့သောကြောင့်သာလျှင် အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်ဟူသောအကျိုးများပြီးမြောက်၍ဘုရားအဖြစ်သို့ရောက်တော်မူခဲ့ခြင်းဖြစ်ပါသည်။

အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရရှိတော်မူပြီးသောမြတ်စွာဘုရားအား ဣဒ္ဓိပါဒ်လေးပါးကိုပွားများ အားထုတ်ခဲ့

ခြင်းကြောင့်သာလျှင် ထိုဉာဏ်တို့ကိုရရှိခဲ့သည် ဟုဆင်ခြင်သိမြင်သောပစ္စဝေက္ခဏာ ဉာဏ်ဖြစ်ပေါ်ခဲ့ပါသည်။ အထက်ဖော်ပြပါဉာဏသုတ်မှာ ဘုရားဖြစ်ပြီးနောက် မြတ်စွာဘုရားအားဣဒ္ဓိပါဒ်လေးပါးနှင့် စပ်၍အသိဉာဏ် ဖြစ်ပေါ်ပုံကို ရဟန်းတို့အား ပြန်လည်ဟောကြားထားခြင်းဖြစ်ပါသည်။

သတိပဋ္ဌာနသံယုတ်၊ စေတိယသုတ်နှင့် ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်တို့၌ ဣဒ္ဓိပါဒ်လေးပါးကိုပွားများသူသည် လူတို့၏သက်တမ်း (အားယုကပ်ပတ်လုံး)ဖြစ်စေ၊ သက်တမ်းထက်ကျော်လွန်၍ ဖြစ်စေတည်နေ နိုင်ကြောင်း ဟောကြားထားပါသည်။ ထို့ကြောင့် အသက် ရှည်စွာ တည်နေနိုင်ရေးမှစ၍ဈာန် မဂ် ဖိုလ်ဟူသော လောကုတ္တရာအကျိုးများကိုလိုလားတောင့်တသော ပညာရှိ သူတော်ကောင်း များသည် ဣဒ္ဓိပါဒ်လေးပါးကို ဟောကြားသော ဤဉာဏသုတ်ကိုယုံကြည်စွဲမြဲစွာရွတ်ဖတ်သင့်ပေသည်။

## (၃) - ဣဒ္ဓိပါဒသံယုတ္တပါဠိ

### ၉ - ဉာဏသုတ္တံ

၈၂၁။ "အယံ ဆန္ဒသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတော ဣဒ္ဓိပါဒေါ"တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။ 'သော ခေါ ပနာယံ ဆန္ဒသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတော ဣဒ္ဓိပါဒေါ ဘာဝေတဗ္ဗော'တိ မေ ဘိက္ခဝေ 'ဘာဝိတော'တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

'အယံ ဝိရိယသမာ ဓိပ္ပဓာနသင်္ခါရသမန္နာဂတောဣဒ္ဓိ ပါဒေါ' တိမေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံဉဒပါဒိ၊ ဉာဏံ ဉဒပါဒိ၊ ပညာဉဒပါဒိ၊ဝိဇ္ဇာ ဉဒပါဒိ၊ အာလောကောဉဒပါဒိ။

'သောခေါပနာယံ ဝိရိယသမာ ဓိပ္ပဓာနသင်္ခါရသမန္နာဂတော ဣဒ္ဓိ·ပါဒေါ ဘာဝေတဗ္ဗော' တိမေဘိက္ခဝေ 'ဘာဝိတော' တိမေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသုစက္ခုံဉဒပါဒိ၊ ဉာဏံဉဒပါဒိ၊ ပညာဉဒပါဒိ၊ ဝိဇ္ဇာ ဉဒပါဒိ၊ အာလောကောဉဒပါဒိ။

အယံစိတ္တသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတော ဣဒ္ဓိပဒေါ တိမေဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသုဓမ္မေသု စက္ခုံ ဉဒပါဒိ၊ ဉာဏံဉဒပါဒိ၊ ပညာဉဒပါဒိ၊ ဝိဇ္ဇာဉဒပါဒိ၊ အာလောကောဉဒပါဒိ။ သောခေါပနာယံ စိတ္တသမာ ဓိပ္ပဓာနသင်္ခါရ သမန္နာဂတော ဣဒ္ဓိပါဒေါ ဘာဝေ တဗ္ဗော တိမေဘိက္ခဝေ။ 'ဘာဝိတော' တိမေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသုစက္ခုံ ဉဒပါဒိ၊ ဉာဏံ ဉဒပါဒိ၊ ပညာ ဉဒပါဒိ၊ ဝိဇ္ဇာဉဒပါဒိ၊ အာလော ကောဉဒပါဒိ။

'အယံ ဝီမံသာသမာဓိပ္ပ ဓာနသင်္ခါရ သမန္နာဂတော ဣဒ္ဓိပါဒေါ တိမေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသုဓမ္မေသု

စက္ခုံ ဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

‘သော ခေါပနာယံ ဝီမံသာသမာဓိပ္ပဓာန သင်္ခါရသမန္နာဂတော ဣဒ္ဓိပါဒေါ ဘာဝေတဗ္ဗော’ တိမေ ဘိက္ခဝေ။ ‘ဘာဝိတော တိမေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသုစက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒီတိ။ ။

## (၃)ဇူဒ္ဓိပါဒသံယုတ် မြန်မာပြန်

### ၉-ဥဂဏ္ဍသုတ်

၈၂၁။ ရဟန်းတို့ 'ဤသည်ကား ဆန္ဒကို မှီ၍ဖြစ်သော သမာဓိအားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း'ဟု (ဘုရားမဖြစ်မီ) ရှေးက-မကြားဘူးသေးကုန်သောတရားတို့၌ငါ့အားပညာမျက်စိသည်ထင်ရှားဖြစ်ပေါ်လာပြီ၊အသိဉာဏ်သည်ထင်ရှား ဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့်သိခြင်း 'ပညာ'သည်ထင်ရှားဖြစ်ပေါ်ပြီ၊ ထိုးထွင်း၍ သိခြင်း'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ် လာပြီ၊ ပညာအလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီ။ ရဟန်းတို့'ဆန္ဒကို မှီ၍ဖြစ်သောသမာဓိအားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွားများအပ်၏'ဟူ၍ ။ပ။ပွားများအပ်ပြီဟူ၍ (ဘုရား

မဖြစ်မီ) ရှေးကမကြားဘူးသေးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြားအား ဖြင့်သိခြင်း 'ပညာ'သည် ထင်ရှား ဖြစ်ပေါ် လာပြီ၊ ထိုးထွင်း၍သိခြင်း'ဝိဇ္ဇာသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာ အလင်း ရောင်သည် ထင်ရှား ဖြစ်ပေါ်လာပြီ။

ရဟန်းတို့ 'ဤသည်ကား ဝိရိယကို မှီ၍ဖြစ်သော သမာဓိအားထုတ်မှု လုံ့လတို့နှင့် ပြည့် စုံသော ဣဒ္ဓိပါဒ် တည်း'ဟု (ဘုရားမဖြစ်မီ)ရှေးက မကြားဘူးသေးကုန် သောတရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှား ဖြစ်ပေါ် လာပြီ၊အပြားအားဖြင့်သိခြင်း၊ပညာ'သည်ထင်ရှားဖြစ် ပေါ်လာပြီ၊ထိုးထွင်း၍သိခြင်း'ဝိဇ္ဇာ'သည်။ထင်ရှားဖြစ် ပေါ်လာပြီ ပညာ အလင်းရောင် သည် ထင်ရှား ဖြစ် ပေါ်လာပြီ။ ရဟန်းတို့'ဝိရိယကို မှီ၍ဖြစ်သော သမာဓိ အားထုတ်မှုလုံ့လတို့နှင့်ပြည့်စုံသော ထိုဣဒ္ဓိပါဒ်ကိုပွား များအပ်၏'ဟူ၍။ ပွါးများအပ်ပြီဟူ၍(ဘုရားမဖြစ်မီ) ရှေးကမကြားဘူးသေးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှား ဖြစ်ပေါ် လာပြီ၊ အပြား အားဖြင့်သိခြင်း/ပညာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍သိခြင်း'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာအလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီ။

ရဟန်းတို့'ဤသည်ကား စိတ်ကို မှီ၍ ဖြစ်သောသမာဓိအား ထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း'ဟု (ဘုရားမဖြစ်မီ)ရှေးက မကြားဘူးသေး ကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြား အားဖြင့် သိခြင်း 'ပညာ' သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍ သိခြင်း 'ဝိဇ္ဇာ'သည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ ပညာ အလင်းရောင်သည် ထင်ရှား ဖြစ်ပေါ်လာပြီ။ ရဟန်းတို့ စိတ်ကိုမှီ၍ ဖြစ်သောသမာဓိအား ထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ထိုဣဒ္ဓိပါဒ်ကိုပွားများ၍'ဟူ၍ ။ပ။ ပွားများအပ်ပြီဟူ၍(ဘုရားမဖြစ်မီ)ရှေးကမကြားဘူးသေး ကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှား ဖြစ်ပေါ်လာပြီ၊အသိဉာဏ်သည်ထင်ရှားဖြစ်ပေါ်လာပြီ၊အပြား အားဖြင့်သိခြင်း 'ပညာသည်'ထင်ရှားဖြစ်ပေါ်လာပြီ၊ထိုးထွင်း၍သိခြင်း'ဝိဇ္ဇာ'သည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ ပညာအလင်း ရောင်သည် ထင်ရှား ဖြစ်ပေါ်လာပြီ။

ရဟန်းတို့'ဤသည်ကားပညာကိုမှီ၍ ဖြစ်သောသမာဓိအား ထုတ်မှုလုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း'ဟု(ဘုရားမဖြစ်မီ)ရှေးကမကြားဘူးသေးကုန်သောတရားတို့၌ ငါ့အားပညာမျက်စိသည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည်ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြားဖြင့် သိခြင်း'ပညာ'သည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ထိုးထွင်း၍သိခြင်း'ဝိဇ္ဇာ'သည်ထင်ရှားဖြစ်ပေါ်လာပြီ၊ပညာအလင်းရောင်သည်ထင်ရှားဖြစ်ပေါ်လာပြီ။ရဟန်း

တို့ 'ပညာကိုမှီ၍ ဖြစ်သောသမာဓိအားထုတ်မှုလုံ့လတို့နှင့်ပြည့်စုံသော ထိုက္ခဒ္ဓိပါဒ်ကို ပွားများအပ်၏' ဟူ၍။ပ။ ပွားများအပ်ပြီဟူ၍ (ဘုရားမဖြစ်မီ) ရှေးက မကြားဘူး သေးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့်သိခြင်း 'ပညာ' သည်ထင်ရှားဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍သိခြင်း 'ဝိဇ္ဇာ' သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာအလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီဟု (မိန့်တော်မူ၏။)

## ၄။ ဣန္ဒြိယ သံယုတ္တပါဠိ

## ဒုတိယဝိဘင်္ဂသုတ် နိဒါန်း

ဤဒုတိယ ဝိဘင်္ဂသုတ်ကား ဗောဓိပက္ခိယတရား(၃၇)ပါး တို့တွင် အပါအဝင်ဖြစ်သည့် ဣန္ဒြေငါးပါးကို ဟောကြား သောသုတ် ဖြစ်ပါသည်။ မြတ်စွာဘုရားသည် ဣန္ဒြေငါးပါး ကို သံယုတ္တနိကာယ် မဟာဝဂ္ဂ၊ ဣန္ဒြိယသံယုတ်၌ အကျဉ်း နည်း၊ အကျယ်နည်း နှစ်မျိုးလုံးဖြင့် ဟောကြားခဲ့ပါသည်။ ဒုတိယ ဝိဘင်္ဂသုတ်မှာ ထိုဣန္ဒြိယသံယုတ်မှဣန္ဒြေ ငါးပါးကို အကျယ်အားဖြင့် ဟောကြားသော သုတ်တသုတ်ဖြစ်ပါသည်။

ဣန္ဒြေ (ဣန္ဒြိယ) ဟူသည် မိမိတို့၏ သက်ဆိုင်ရာကိစ္စတို့၌ ဆန့်ကျင်ဖက် တရားများကို လွှမ်းမိုးနှိမ်နင်း၍ အစိုးရခြင်းဟူသောအနက်အဓိပ္ပါယ်ကို ဆောင်သောတရားများဖြစ်ပေသည်။ မှန်၏၊ ဣန္ဒြေငါးပါးတို့တွင် -

(၁) ဘုရား၌ကြည်ညိုခြင်း၊ တရား၌ကြည်ညိုခြင်း၊ သံဃာ၌ ကြည်ညိုခြင်း သီလကိုစောင့်ထိန်းခြင်းဟူသော သောတာပတ္တိ အင်္ဂါလေးပါးတို့၌ သဒ္ဓိန္ဒြေ၏ အစိုးရမှုသည် ထင်ရှား၏။

(၂) မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်စေခြင်း၊ ဖြစ်ပေါ်လာသော အကုသိုလ်တို့ကိုပယ်ခြင်း စသော သမ္မပ္ပဓာန်ကိစ္စလေးပါးတို့၌ ဝီရိယိန္ဒြေ၏ အစိုးရမှုသည်ထင်ရှား၏။

(၃) ကိုယ်၌ကိုယ်ဟုရှုခြင်း၊ ဝေဒနာတို့၌ဝေဒနာဟု ရှုခြင်း စသောသတိ ပဋ္ဌာန်ကိစ္စလေးပါးတို့၌သတိန္ဒြေ၏အစိုးရမှုသည်ထင်ရှား၏။

(၄) ပထမဈာန် အစရှိသော ဈာန်လေးပါးတို့၌ သမာဓိန္ဒြေ၏ အစိုးရမှုသည်ထင်ရှား၏။

(၅) သစ္စာလေးပါးကို ထိုးထွင်းသိမြင်မှု၌ ပညိန္ဒြေ၏ အစိုးရမှုသည်ထင်ရှား၏။

ဟူ၍သတိပဋ္ဌာနသံယုတ် ဒဋ္ဌဗ္ဗသုတ်၌ ဟောကြားတော်ခဲ့ပါသည်။

ထို့ပြင် ဣန္ဒြေငါးတို့တွင်-

(၁) သဒ္ဓိန္ဒြေသည် မယုံကြည်ခြင်း (အဿဒ္ဓိယ) ဟူသော ဆန့်ကျင်ဖက်ကို လွှမ်းမိုးနိုမ်နင်း၏။

(၂) ဝိရိယိန္ဒြေသည် ပျင်းရိခြင်း (ကောသဇ္ဇ)ဟူသောဆန့်ကျင်ဖက်ကိုလွှမ်းမိုးနှိမ်နင်း၏။

(၃) သတိန္ဒြေသည် မေ့လျော့ခြင်း (မုဋ္ဌသစ္စ)ဟူသော ဆန့်ကျင်ဖက်ကိုလွှမ်းမိုးနှိမ်နင်း၏။

(၄) သမာဓိန္ဒြေသည် ပျံ့လွင့်ခြင်း(ဝိက္ခေပ) ဟူသော ဆန့်ကျင့်ဖက်ကို လွှမ်းမိုး နှိမ်နင်း၏။

(၅) ပညိန္ဒြေသည် တွေဝေခြင်း (သမ္မောဟ)ဟူသော ဆန့်ကျင်ဖက်ကို လွှမ်းမိုးနှိမ်နင်း၏။

ဟူ၍ ဝိသုဒ္ဓိမဂ်ကျမ်း၌ ဖွင့်ဆိုထားပါသည်။ ဤသို့ဆန့်ကျင်ဖက်တရားဆိုးများကို လွှမ်းမိုးနှိမ်နင်း၍ မိမိတို့သက်ဆိုင်ရာကိစ္စ

များ၌ အစိုးရခြင်း သဘောကို ဆောင်တတ်သောကြောင့်ပင် သဒ္ဓိန္ဒြေစသော ဣန္ဒြေငါးပါးတို့သည်ဗောဓိပက္ခိယာတရား(၃၇) ပါးတို့၌ ပါဝင်နေခြင်းဖြစ်ပါသည်။

ဣန္ဒြေငါးပါးကို ကြိမ်ဖန်များစွာ လေ့လာ ပွားများခြင်းဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပုံကိုလည်း ဣန္ဒြိယ သံယုတ်၌ များစွာ ဟောကြားထားပါသည်။ ထို့ကြောင့် ဣန္ဒြေငါးပါးကို အကျယ်အားဖြင့် ဝေဖန်ဟောကြားထားသည့် ဤဒုတိယ ဝိဘင်္ဂသုတ်မှာလည်း သပ္ပုရိသ သူတော်စင်များ ယုံကြည်စွဲမြဲစွာ ရှုတ်ဖတ်ရမည့် ဘုရားဟော ဒေသနာ တရပ်ဖြစ်ကြောင်း ဖေါ်ညွှန်းလိုက်ရပါသည်။

## (၄) ဣန္ဒြိယ သံယုတ္တပါဠိ

### ၁၀—ဒုတိယ ဝိဘင်္ဂသုတ္တ

၄၇၈။ ပဉ္စိမာနိ ဘိက္ခဝေ ဣန္ဒြိယာနိ။ ကတမာနိ ပဉ္စ၊ သဒ္ဓိန္ဒြိယံ။ ပ။ ပညိန္ဒြိယံ။ ကတမဉ္စ ဘိက္ခဝေ သဒ္ဓိန္ဒြိယံ၊ ဣဓ ဘိက္ခဝေ အရိယသာဝကော သဒ္ဓေါ ဟောတိ။ သဒ္ဒဟတိ တထာဂတဿ ဗောဓိံ 'ဣတိပိ သော ဘဂဝါ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါ'တိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ သဒ္ဓိန္ဒြိယံ။

ကတမဉ္စ ဘိက္ခဝေ ဝီရိယိန္ဒြိယံ၊ ဣဓ ဘိက္ခဝေ အရိယသာဝကော အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု၊ သော အနုပ္ပန္နာနံ ပာပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပာဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ၊ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ ဥပ္ပန္နာနံ ပာပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ ဝါယမတိ၊ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ အသမ္မောသာယ ဘိယျောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ ဆန္ဒံ ဇနေတိ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဝီရိယိန္ဒြိယံ။

ကတမဉ္စ ဘိက္ခဝေ သတိန္ဒြိယံ၊ ဣဓ ဘိက္ခဝေ အရိယသာဝကော သတိမာ ဟောတိ ပရမေန သတိနေပက္ကေန သမန္နာဂတော၊ စိရကတမ္ပိ စိရဘာသိတမ္ပိ သရိတာ အနုဿရိတာ၊ သော ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။ ဝေဒနာသု ။ပ။ စိတ္တေ။ပ။ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ သတိန္ဒြိယံ။

ကတမဉ္စ ဘိက္ခဝေ သမာဓိန္ဒြိယံ၊ ဣဓ ဘိက္ခဝေ အရိယသာဝကော ဝေါဿဂ္ဂါရမ္မဏံ ကရိတွာ လဘတိ သမာဓိံ၊ လဘတိ စိတ္တဿ ဧကဂ္ဂတံ၊ သော ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဝိတက္က ဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ပီတိယာစ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ သတော စ သမ္ပဇာနော သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ 'ဥပေက္ခကော သတိမာ သုခဝိဟာရီ'တိ၊ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမ သုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ဣဒံ စုစ္စတိ ဘိက္ခဝေ သမာဓိန္ဒြိယံ။

ကတမဉ္စ ဘိက္ခဝေ ပညိန္ဒြိယံ၊ ဣဓ ဘိက္ခဝေ အရိယသာဝကော ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ၊ သော ဣဒံ ဒုက္ခ'န္တိ ယထာဘူတံ ပဇာနာတိ၊ 'အယံ ဒုက္ခသမုဒယော'တိ ယထာဘူတံ ပဇာနာတိ၊ 'အယံ ဒုက္ခနိရောဓော'တိ ယထာဘူတံ ပဇာနာတိ။ 'အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ'တိ ယထာဘူတံ ပဇာနာတိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ပညိန္ဒြိယံ။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စိန္ဒြိယာနီတိ။ ။

—…*……

(၁၀)

## (၄) ဣန္ဒြိယသံယုတ် မြန်မာပြန်

### ၁၀ - ဒုတိယ ဝိဘင်္ဂသုတ်

၄၈၀။ ။ရဟန်းတို့ ဣန္ဒြေတို့သည် ငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ သဒ္ဓိန္ဒြေ ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာ တပည့်သည် ယုံကြည်မှု 'သဒ္ဓါ' တရားရှိ၏။ 'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ (အလုံးစုံသောတရားတို့

ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသောအကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏။ ကောင်းသောစကားကိုဆိုတော်မူတတ်သောအကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏။ လောကကို သိတော်မူသော အကြောင်းကြောင့် လည်း လောကဝိဒူ မည်တော်မူ၏။ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်း ကြောင့် လည်း အနုတ္တရောပုရိသဓမ္မသာရထိမည်တော်မူ၏။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာ ဒေဝမနုဿာနံ မည်တော်မူ၏။ (သစ္စာလေးပါးတရားတို့ကို)သိစေတော်မူသောအကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်၏။ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏'ဟု မြတ်စွာဘုရား၏ဗောဓိဉာဏ်ကို ယုံကြည်၏။ ရဟန်းတို့ ဤသည်ကို သဒ္ဓိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ဝီရိယိန္ဒြေဟူသည်အဘယ်နည်း၊ရဟန်းတို့ ဤသာသနာတော်၌ အရိယာ တပည့် သည့် အကုသိုလ်တရားတို့ကိုပယ်ခြင်းငှာ ကုသိုလ်တရားတို့နှင့် ပြည့်စုံစေခြင်းငှာ အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍နေ၏။ ကုသိုလ်တရားတို့၌ အားအစွမ်းရှိ၏။ မြဲမြံစွာ အားထုတ်

၏၊ တာဝန်ကို ပစ်ချထားသူ မဟုတ်၊ ထိုအရိယာတပည့်သည် မဖြစ်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏၊ ဖြစ်ကုန်ပြီးသော ယုတ်ညံ့ကုန်သော အကုသိုလ် တရားတို့ကို ပယ်ရန်ဆန္ဒကိုဖြစ်စေ၏။ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက် တည်၏၊ မဖြစ်ကုန်သေးသော ကုသိုလ် တရားကို ဖြစ်စေ ရန် ဆန္ဒကိုဖြစ်စေ၏။ အားထုတ်၏၊ လုံ့လ ပြု၏ စိတ်ကိုချီးမြှောက်၏၊ဆောက်တည်၏၊ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကိုတည်မြဲစေရန် မပျောက်ပျက်စေရန်တိုးတက်ဖြစ်ပွားစေရန် ပြန့်ပြောစေရန် ပွားများမှုပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ရဟန်းတို့ ဤသည်ကို ဝီရိယိန္ဒြေဟုဆိုအပ်၏။

ရဟန်းတို့ သတိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ဤသာသနာ၌ အရိယာတပည့်သည် သတိရှိ၏၊ လွန်ကဲသော ပညာနှင့်ယှဉ်သောသတိနှင့်ပြည့်စုံ၏၊ကြာမြင့်စွာကပြုအပ်သော အမှုကိုလည်းကောင်း၊ကြာမြင့်စွာက ပြောအပ်သော စကားကိုလည်းကောင်းအောက်မေ့နိုင်၏၊အဖန်ဖန်အောက်မေ့နိုင်၏၊ထိုအရိယာတပည့်သည်ပြင်းစွာအားထုတ်သောလုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လော

ကဌ် အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက်ရုပ်အပေါင်း၌ ရုပ်အပေါင်းကိုအကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ ဝေဒနာတို့၌ ။ပ။ စိတ်၌ ။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည် လောကဌ်အဘိဇ္ဈာဒေါမနဿကိုပယ်ဖျောက်လျက်သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ရဟန်းတို့ဤသည်ကို သတိန္ဒြေဟုဆိုအပ်၏။

ရဟန်းတို့သမာဓိန္ဒြေ ဟူသည်အဘယ်နည်း၊ ရဟန်းတို့ဤသာသနာ တော်၌ အရိယာတပည့်သည် နိဗ္ဗာန်ကိုအာရုံပြုလျက်တည်ကြည်မှု 'သမာဓိ' ကိုရ၏၊ စိတ်၏အာရုံတခုတည်း၌ တည်ကြည်မှု 'ဧကဂ္ဂတာ' ကိုရ၏။ ထိုသူသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု - 'ဝိတက်' နှင့်တကွ ဖြစ်သော သုံးသပ်မှု 'ဝိစာရ'နှင့် တကွဖြစ်သော-နီဝရဏကင်းဆိတ်ခြင်းကြောင့် ဖြစ်သောနှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ'ရှိသောပထမဈာန်သို့ရောက်၍နေ၏၊ ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိအဇ္ဈတ္တ၌ စိတ်ကိုကြည်လင်စေတတ်သောစိတ်တည်ကြည်မှု'သမာဓိ' ကိုဖြစ်စေတတ်သော ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' မရှိသောတည်ကြည်မှု 'သမာဓိ' ကြောင့်ဖြစ်သောနှစ်သိမ့်မှု 'ပီတိ' - ချမ်းသာမှု 'သုခ' ရှိသော ဒုတိယဈာန်သို့ရောက်၍ နေ၏။ နှစ်သိမ့်မှု 'ပီတိ' ကိုလည်းမစွဲမက်ခြင်းကြောင့်လျစ်လျူရှု၍သာလျှင် နေ၏၊ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ နေ၏။

ချမ်းသာမှု 'သုခ' ကိုလည်း ကိုယ်ဖြင့်ခံစား၏၊ အကြင်တတိယ ဈာန်ကြောင့် ထိုသူကိုလျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူဟု အရိယာပုဂ္ဂိုလ်တို့သည် ချီးမွမ်း ပြောဆိုကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍ နေ၏။ ချမ်းသာမှု'သုခ' ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲမှု 'ဒုက္ခ'လည်း ပယ်ခြင်းကြောင့် ဝမ်းသာခြင်း သောမနဿ' နှလုံးမသာခြင်း 'ဒေါမနဿ'တို့ ရှေးဦးကပင်လျှင် ချုပ်နှင့်ခြင်းကြောင့် ဆင်းရဲချမ်းသာကင်းသော လျစ်လျူရှုမှုကြောင့် ဖြစ်သောသတိ၏ စင်ကြယ်ခြင်း ရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏၊ ရဟန်းတို့ဤသည်ကို သမာဓိ ဒြေ ဟုဆိုအပ်၏။

ရဟန်းတို့ ပညိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ဤသာသနာတော်၌ အရိယာတပည့်သည် ပညာရှိ၏၊ အဖြစ်အပျက်ကို သိမ်းဆည်းတတ်သော ရုပ်နာမ်ကို ထွင်းဖေါက်၍ သိနိုင်သော ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ကောင်းစွာ ရောက်စေတတ်သောမြတ်သော ပညာနှင့် ပြည့်စုံ၏။ ထိုအရိယာ တပည့်သည် ဤကား ဆင်းရဲတည်း ဟု ဟုတ်တိုင်းမှန်စွာသိ၏။ ဤကား ဆင်းရဲဖြစ်ကြောင်းတည်း ဟုဟုတ်တိုင်းမှန်စွာသိ၏၊ ဤကားဆင်းရဲ ချုပ်ရာတည်းဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ဤကားဆင်းရဲ ချုပ်ရာ (နိဗ္ဗာန်) သို့ရောက်ကြောင်း အကျင့်တည်းဟု ဟုတ်တိုင်းမှန်စွာသိ၏၊ ရဟန်းတို့ ဤသည်ကိုပညိန္ဒြေဟု ဆိုအပ်၏။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင် - တည်းဟု (မိန့်တော်မူ၏)။

## ဣန္ဒြိယသံယုတ်

## ဒုတိယဝိဘင်္ဂသုတ်

## မြန်မာနှင့်အဓိပ္ပါယ်ရှင်းလင်းချက်

မြတ်စွာဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်၏ = မြတ်စွာဘုရား၏ ဗောဓိဉာဏ်ဟူသည် အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်ပင် ဖြစ်ပါသည်။ မြတ်စွာဘုရား၌ ယုံကြည်လျှင် တရားသံဃာတို့၌လည်း ယုံကြည်မှုပြီးမြောက်နိုင်သောကြောင့် တရားသံဃာတို့၌ ယုံကြည်မှုသည်လည်း သဒ္ဓိန္ဒြေပင် ဖြစ်သည် ဟု မှတ်ယူရမည်ဖြစ်ပါသည်။

လွန်ကဲသော ပညာနှင့်ယှဉ်သော သတိနှင့်ပြည့်စုံ၏။ သတိသည် ပညာနှင့် ယှဉ်သော သတိ၊ ပညာနှင့် မယှဉ်သော သတိ ဟူ၍နှစ်မျိုးရှိသည်၊ ပညာနှင့်မယှဉ်သော သတိသည် အားနည်း၏၊ ပညာနှင့် ယှဉ်သောသတိကသာအားရှိ၏၊ ဤနေရာ၌အားရှိသော သတိကိုယူလိုသောကြောင့် ပညာနှင့် ယှဉ်သော သတိနှင့်ပြည့်စုံ၏ ဟုဟောကြားခြင်းဖြစ်ပါသည်။

နိဗ္ဗာန်ကိုအာရုံပြုလျက်ဘည်ကြည်မှုသမာဓိကိုရ၏။ ဤစကားရပ်ဖြင့်မဂ်ဉာဏ်- ဖိုလ်ဉာဏ်နှင့်ယှဉ်သော သမာဓိကိုပြပါသည်။

…………):o:(…………

## ၅။ ဗလသံ ယုတ္တပါဠိ

## ဗလသုတ် နိဒါန်း

ဤဗလသုတ်မှာ သံယုတ္တနိကာယ် မဟာဝဂ္ဂပါဠိ၊ ဗလသံယုတ်မှ ထုတ်နှုတ်ထားခြင်း ဖြစ်ပါသည်။ ဤသုတ်၌ ဗိုလ်ငါးပါး၏ သရုပ်နှင့် ဗိုလ်ငါးပါး ပွားများပုံတို့ကို ဟောကြားထားပါသည်။

ဤန္ဓေဟူသော အမည်ဖြင့် ဟောကြားခဲ့သည့် သဒ္ဓါ၊ ဝီရိယစသော တရားငါးပါးကိုပင် ဆန့်ကျင်ဖက် တို့ကြောင့် မရွှေ့

(၁၁)

မယိုင် ကြံ့ကြံ့ခံနိုင်သော အနက်သဘောကြောင့် ဗိုလ် (ဗလ) မည်၏ဟု စိသုဒ္ဓိမဂ်၌ ဖွင့်ဆိုပါသည်။

လောက၌ ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်း စသောလုပ်ငန်းများ လုပ်တော့မည်ဆိုလျှင် ကာယအား၊ ဉာဏအားရှိဖို့ လို၏။ လူအား ပစ္စည်းအားရှိဖို့လို၏။ထိုအားများနှင့် ပြည့်စုံမှသာလျှင် မိမိလုပ်လိုသော လုပ်ငန်းများကို ထိရောက် အောင်မြင်စွာ လုပ်ဆောင်နိုင်မည်ဖြစ်၏။

ထိုနည်းတူပင် မြတ်စွာဘုရား၏ သာသနာတော်၌လည်း သမထအလုပ် ဝိပဿနာ အလုပ်များကို လုပ်နိုင်ရန်အတွက် သဒ္ဓါအား၊ ဝိရိယအား စသည့်အား ငါးပါးကို ရှေးဦးစွာ ထူထောင်ဖို့လိုပါသည်။ ထိုအားငါးပါးနှင့် ပြည့်စုံမှသာလျှင် သမထအလုပ် ဝိပဿနာ အလုပ်များကို ထိထိရောက်ရောက် ပေါက်မြောက်အောင်မြင်စွာ လုပ်နိုင်မည် ဖြစ်ပါသည်။ အားငါးပါးတို့တွင် တပါးပါးမျှ မရှိသောသူမှာမူ ထိုအလုပ်များကို လုပ်ရန် စိတ်ဆန္ဒမျှပင် ပေါ်လာမည်မဟုတ်ချေ။ ထို့ကြောင့် မြတ်စွာဘုရားက မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရရှိရေးအတွက် ရှေ့သွားခေါင်းဆောင်ဖြစ်၍ ဗိုယ်ငါးပါး(ဝါ)အားငါးပါးဟု ဆိုထိုက်သော တရားတို့၏ သရုပ်နှင့် ထိုတရားများကို ပွားများပုံတို့ကို ဗလသုတ်၌ ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။

အချုပ်အားဖြင့် ဆိုသော် ဗလသုတ်သည်လည်း သပ္ပုရိသနွယ်ဝင် သူတော်စင်များ ယုံကြည်စွာရွတ်ဖတ်ရမည့် ဘုရားဟော ဒေသနာတော်တရပ်ပင် ဖြစ်ပါသည်။

…………)း၀း(…………

## (၅) ဗလသံယုတ္တပါဠိ

### ၁-၁၂-ဗလ သုတ်

၇၀၅။၇၀၆။ ။ပဉ္စိမာနိ ဘိက္ခဝေ ဗလာနိ။ ကတမာနိ ပဉ္စ၊ သဒ္ဓါဗလံ ဝီရိယဗလံ သတိဗလံ သမာဓိဗလံ ပညာဗလံ။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ ဗလာနီတိ။ သေယျထာပိ ဘိက္ခဝေ ဂင်္ဂါ နဒီ ပါစီနနိန္နာ ပါစီနပေါဏာ ပါစီနပဗ္ဘာရာ၊ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ပဉ္စဗလာနိ ဘာဝေန္တော ပဉ္စ ဗလာနိ ဗဟုလီကရောန္တော နိဗ္ဗာနနိန္နော ဟောတိ နိဗ္ဗာနပေါဏော နိဗ္ဗာနပဗ္ဘာ

ရော။ ကထဉ္စ ဘိက္ခဝေ ဘိက္ခု ပဉ္စဗလာနိ ဘာဝေန္တော ပဉ္စဗလာနိ ဗဟုလိကရောန္တော နိဗ္ဗာနနိန္နော ဟောတိ နိဗ္ဗာနပေါဏော နိဗ္ဗာန ပဗ္ဘာရော၊ ဣဓ ဘိက္ခဝေ ဘိက္ခု သဒ္ဓါဗလံ ဘာဝေတိ ဝိဝေကနိဿိတံ ဝိရာဂ နိဿိတံ၊ နိရောဓ နိဿိတံ ဝေါဿဂ္ဂပရိဏာမိံ။ ဝီရိယဗလံ။ ပ။ သတိဗလံ။ ပ။ သမာဓိဗလံ။ ပ။ ပညာဗလံ ဘာဝေတိ ဝိဝေကနိဿိတံ ဝိရာဂနိဿိတံ နိရောဓနိဿိတံ ဝေါဿဂ္ဂ ပရိဏာမိံ။ ဧဝံ ခေါ ဘိက္ခဝေ ဘိက္ခု ပဉ္စ ဗလာနိ ဘာဝေန္တော ပဉ္စ ဗလာနိ ဗဟုလီကရောန္တော နိဗ္ဗာန နိန္နော ဟောတိ နိဗ္ဗာနပေါဏော နိဗ္ဗာနပဗ္ဘာရောတိ။

........*........

## (၅) ဗလသံယုတ် မြန်မာပြန်

### ၁-၁၂. ဗလ စသော ၁၂ သုတ်

၇၀၅း၇၁၆။ ။ရဟန်းတို့၊ ဗိုလ်တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း-၊ သဒ္ဓါဗိုလ် ဝီရိယဗိုလ် သတိဗိုလ် သမာဓိဗိုလ် ပညာဗိုလ်တို့တည်း။ ရဟန်းတို့ ဗိုလ်တို့သည် ဤငါးပါးတို့ပေတည်း။ ရဟန်းတို့ ဂင်္ဂါမြစ်သည်အရှေ့အရပ်သို့ညွတ် ကိုင်း၊ ရှိုင်းသကဲ့သို့ ဤအတူပင် ရဟန်းသည် ဗိုလ် ငါးပါး တို့ကို ပွားများသည်ရှိသော် ကြိမ်ဖန်များစွာပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ်ကိုင်း

ရှိုင်း၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဗိုလ် ငါးပါးတို့ကို ပွားများ သည် ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်းရှိုင်း သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်(ကိလေသာ မှ) ဆိတ်ခြင်းကိုမှီသော စွဲမက်မှု၊ 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော သဒ္ဓါ ဗိုလ်ကို ပွားများ၏။ ဝီရိယဗိုလ်ကို ။ပ။ သတိဗိုလ်ကို။ သမာဓိဗိုလ်ကို။ (ကိလေသာမှ) ဆိတ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သောပညာဗိုလ်ကို ပွားများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဗိုလ် ငါးပါး တို့ကို ပွားများ သည်ရှိသော် ကြိမ် ဖန် များ စွာ ပြု လုပ် သည် ရှိသော် နိဗ္ဗာန်သို့ညွှတ်ကိုင်းရှိုင်း၏ ဟု(မိန့်တော်မူ၏)။

## ဗလသံယုတ်

### ဗလာဒိသုတ်

#### မြန်မာပြန်နှင့် အဓိပ္ပာယ် ရှင်းလင်းချက်

(ကိလေသာမှ)ဆိတ်ခြင်းကို မှီသော—သဒ္ဓါဗိုလ်ကို ပွားများ၏

ကိလေသာတို့မှ ကင်းဆိတ်ခြင်း 'ဝိဝေက'သည်—

(၁) ထိုထိုဝိပဿနာ၏ အစိတ်အပိုင်းအားဖြင့် ကင်းဆိတ်ခြင်း တဒင်္ဂဝိဝေက။

(၂) ဈာန်ဖြင့်ခွာထား၍ ကင်းဆိတ်ခြင်း ဝိက္ခမ္ဘနဝိဝေက။

(၃) မဂ်ဖြင့် အကြွင်းမဲ့ဖြတ်သောအားဖြင့် ကင်းဆိတ်ခြင်း၊ သမုစ္ဆေဒဝိဝေက။

(၄) ဗိုလ်ဖြင့် ကဖန်ငြိမ်းစေသောအားဖြင့် ကင်းဆိတ်ခြင်း ပဋိပဿဒ္ဓိဝိဝေက။

(၅) ကိလေသာတို့၏ နယ်ပယ်မှ လုံးဝကျွတ်လွတ် ထွက်မြောက်သောအားဖြင့် ကင်းဆိတ်ခြင်း နိဿရဏဝိဝေက။

ဟူ၍ ငါးပါးရှိသည်။ ထိုငါးပါးတို့တွင် အရိယမဂ်ကိုပွားများသော ရဟန်းသည် ဝိပဿနာခဏ၌ ကိစ္စအားဖြင့် တဒင်္ဂ ဝိဝေက၌မှီသော သဒ္ဓါဗိုလ်တို ပွားစေသည်မည်၏။

အလိုအဇ္ဈာသယအားဖြင့် နိဿရဏဝိဝေက (နိဗ္ဗာန်)၌မှီသောသဒ္ဓါဗိုလ်ကိုပွားစေသည်မည်၏။

မဂ်ခဏ၌ကားကိစ္စအားဖြင့် သမုစ္ဆေဒဝိဝေက၌မှီသောသဒ္ဓါဗိုလ်ကိုပွားစေသည်မည်၏၊ အာရုံအားဖြင့် နိဿရဏဝိဝေက၌မှီသော သဒ္ဓါဗိုလ်ကိုပွါးစေသည်မည်၏။

(ကြွင်းသောဗိုလ်တို့၌လည်းထိုနည်းတူဖြစ်၏)။

စွဲမက်မှုရာဂကင်းခြင်းကို မှီသောချုပ်ခြင်းကိုမှီသော--- သဒ္ဓါဗိုလ်ကိုပွားများ၏ - စွဲမက်မှုကင်းခြင်း ဝိရာဂ၊ ကိလေသာ ချုပ်ငြိမ်းခြင်း၊ နိရောတို့၌လည်း ဝိဝေကနည်းတူ တဒင်္ဂ ဝိရာဂ တဒင်္ဂ နိရောဓ စသည်ဖြင့် ငါးပါးစီ ရှိ၏။ ထို့ကြောင့် ဝိပဿနာ ခဏ၌ ကိစ္စအားဖြင့် တဒင်္ဂဝိရာဂ၌

မှီသော အလိုအဇ္ဈာသယအားဖြင့် နိဿရဏ ဝိရာဂဥ္ မှီသော သဒ္ဓါဗိုလ်ကို ပွားစေသည်မည်၏။ မဂ်ခဏ၌ ကိစ္စအားဖြင့် သမုစ္ဆေဒ ဝိရာဂ၌ မှီသော အာရုံအားဖြင့် နိဿရဏ ဝိရာဂ၌ မှီသော သဒ္ဓါဗိုလ်ကို ပွားစေသည်မည်၏။

…… ……)း✻း(……………

## ၆။ ဗောဇ္ဈင်္ဂသံယုတ္တပါဠိ

## သီလသုတ်နိဒါန်း

ဤသီလသုတ်သည် သံယုတ္တနိကာယ် မဟာဝဂ္ဂပါဠိ၊ဗောဇ္ဈင်္ဂ သံယုတ်မှ ကောက်နုတ်ချက် ဖြစ်သည်။ ဗောဇ္ဈင်္ဂသံယုတ်၌ ဗောဇ္ဈင်ခုနစ်ပါးနှင့်စပ်သော အကြောင်းများကို နည်းအမျိုးမျိုးဖြင့်ဟောကြားတော်မူခဲ့သည်။ အဘိဓမ္မပိဋကဝိဘင်းကျမ်း ဗောဇ္ဈင် ဝိဘင်း၌လည်း၊ ဗောဇ္ဈင်ခုနစ်ပါးကိုသုတ္တန်နည်း အဘိဓမ္မာနည်းတို့ဖြင့်အကျယ်ဝေဖန်ဟောကြားတော် မူခဲ့သည်။

ဗောဇ္ဈင်္ဂ = ဗောဇ္ဈင်ဟူသည် ဗောဓိနှင့် အင်္ဂဟူသော ပုဒ်နှစ်ခုကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ဗောဓိ = သစ္စာလေးပါးကို သိမြင်ကြောင်း ဖြစ်သော တရားအပေါင်း၏ အင်္ဂ = အစိတ်အပိုင်း ဖြစ်သော တရားဟူ၍ အနက် ရပါသည်။ သစ္စာ လေးပါးကို သိမြင်ကြောင်း ဖြစ်သော တရားအပေါင်းတွင် ပါဝင်သော တရားများဟု ဆိုလိုခြင်း ဖြစ်ပါသည်။

**လယ်တီ ဆရာတော်က** မူ ဗောဇ္ဈင်ခုနစ်ပါးကို မင်္ဂဉာဏ်၏ အတောင်အလက်နှင့် ဥပမာပြု၍ အဓိပ္ပါယ် ဆိုဖွင့်ပါသည်။ ဥခွံအတွင်းမှ ပေါက်ဖွားလာသော ငှက်ငယ်ကလေးများ သည် အတောင်အလက် စုံလင်သောအခါ လိုရာအရပ်သို့ပျံသန်း သွားနိုင်သကဲ့သို့၊ ထို့အတူ ဝိပဿနာ ပွားများသော ပုဂ္ဂိုလ်သည်လည်း၊ ဗောဇ္ဈင် ခုနစ်ပါးတည်းဟူသော အတောင်

အလက်များ ကြီးပွား ရင့်သန်သောအခါ မဂ်ဉာဏ်ဖိုလ် ဉာဏ်သို့ဆိုက်ရောက်၍အရိယာဘုံသို့ ကူးပြောင်းသွားနိုင်သည် ဟုမိန့်ဆိုပါသည်။

သီလသုတ်၌သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသောရဟန်းများအား ဖူးမြင်ဆည်းကပ်ခြင်းဖြင့် ဗောဇ္ဈင် ခုနစ်ပါး ပြီးမြောက်နိုင်ပုံကို အသေးစိတ် ဟောကြားပါသည်။ ထို့နောက် ဗောဇ္ဈင် ခုနစ်ပါးကို ကြိမ်ဖန်များစွာ လေ့လာ ပွားများပါက အကျိုးခုနစ်ပါး ပြီးမြောက်နိုင်ပုံကိုလည်းဆက်လက်ဟောကြား ပါသည်။

ဗောဇ္ဈင်္ဂသံယုတ်၌ ဗောဇ္ဈင်ခုနစ်ပါးကို စကြဝတေးမင်း၏ ရတနာခုနစ်ပါးနှင့် နှိုင်းယှဉ်၍ ဟောကြားထားပုံ၊ ဗောဇ္ဈင် ခုနစ်ပါးကို ပွားများလျှင် အရဟတ္တ မဂ်ဉာဏ်ဟူသော ဝိဇ္ဇာနှင့် အရဟတ္တဖိုလ်ဟူသော ဝိမုတ္တိကို ပြည့်စုံစေနိုင်ကြောင်း ဟော ကြားထားပုံ စသည်တို့ကိုလည်း တွေ့ရပါသည်။

မြတ်စွာဘုရား ကိုယ်တော်တိုင်နှင့်တကွ အရှင်မဟာကဿပ အရှင် မဟာမောဂ္ဂလ္လာန်ဟူသော သာဝက ကြီးများသည်ပင် ဗောဇ္ဈင်ခုနစ်ပါးတရားကိုကြားနာရသဖြင့်အနာရောဂါမှ ထ မြောက်တော် မူခဲ့ကြကြောင်း ဖတ်ရှုရပါသည်။

သို့ဖြစ်၍ ဗောဇ္ဈင်ခုနစ်ပါးကို အကျယ်ဟောကြားသော ဤ သီလသုတ်မှာလည်း သပ္ပုရိသ ဂုဏ်းဝင် သူတော်စင်များ ယုံကြည်စွဲမြဲစွာ ရွတ်ဖတ်သင့်သော သုတ္တန် ဒေသနာတော်ဖြစ် ပါသည်။

## (၆) ဗာဇ္ဈဂ်သံယုတ္တ်ပါဠိ

### ၃·သီလ သုတ္တ

၁၈၄။ ယေ တေ ဘိက္ခဝေ ဘိက္ခူ သီလသမ္ပန္နာ သမာဓိသမ္ပန္နာ ဉာဏသမ္ပန္နာ ဝိမုတ္တိသမ္ပန္နာ ဝိမုတ္တိဉာဏဒဿနသမ္ပန္နာ၊ ဒဿနမ္ပာဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟုကာရံ ဝဒါမိ၊ သဝနမ္ပာဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟုကာရံ ဝဒါမိ၊ ဥပသင်္ကမနမ္ပာဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟုကာရံ ဝဒါမိ၊ ပယိရုပါသနမ္ပာဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟုကာရံ ဝဒါမိ၊ အနုဿတိမ္ပာဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟုကာရံ ဝဒါမိ၊ အနုပဗ္ဗဇ္ဇမ္ပာဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟုကာရံ ဝဒါမိ။ တံ ကိဿ ဟေတု၊ တထာရူပါနံ ဘိက္ခဝေ

ဘိက္ခူနံ ဓမ္မံ သုတွာ ဒွယေန ဝူပကာသေန ဝူပကဋ္ဌော ဝိဟရတိ ကာယဝူပကာသေန စ စိတ္တဝူပကာသေန စ၊ သော တထာ ဝူပကဋ္ဌော ဝိဟရန္တော တံ ဓမ္မံ အနုဿရတိ အနုဝိတက္ကေတိ။

ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခု တထာ ဝူပကဋ္ဌော ဝိဟရန္တော တံ ဓမ္မံအနုဿတိ အနုဝိတက္ကေတိ၊ သတိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓေါ ဟောတိ၊ သတိသမ္ဗောဇ္ဈင်္ဂံ တသ္မိံ သမယေ ဘိက္ခု ဘာဝေတိ။ သတိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော ဘာဝနာပါရိပူရိံ ဂစ္ဆတိ၊ သော တထာ သတော ဝိဟရန္တော တံ ဓမ္မံ ပညာယ ပဝိစိနတိ ပရိစရတိ ပရိဝီမံသမာပဇ္ဇတိ။

ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခု တထာသတော ဝိဟရန္တော တံဓမ္မံ ပညာယပဝိစိနတိ ပဝိစရတိ၊ ပရိဝီမံသမာပဇ္ဇတိ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓေါ ဟောတိ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ တသ္မိံ သမယေ ဘိက္ခု ဘာဝေတိ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော ဘာဝနာပါရိပူရိံ ဂစ္ဆတိ။ တဿ တံ ဓမ္မံ ပညာယ ပဝိစိနတော ပဝိစရတော ပရိဝီမံသမာပဇ္ဇတော အာရဒ္ဓံဟောတိဝီရိယံ အသလ္လီနံ။

ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခုနော တံ ဓမ္မံ
ပညာယ ပဝိစိနတော ပဝိစရတော ပရိဝီမံသမာပဇ္ဇ
တော အာရဒ္ဓံ ဟောတိ ဝီရိယံ အသလ္လီနံ၊ ဝီရိယ
သမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓေါ
ဟောတိ။ ဝီရိယသမ္ဗောဇ္ဈင်္ဂံ တသ္မိံ သမယေ ဘိက္ခု
ဘာဝေတိ၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခု
နော ဘာဝနာပါရိပူရိံ ဂစ္ဆတိ။ အာရဒ္ဓဝီရိယဿ
ဥပ္ပဇ္ဇတိ ပီတိ နိရာမိသာ။ ယသ္မိံ သမယေ ဘိက္ခဝေ
ဘိက္ခုနော အာရဒ္ဓဝီရိယဿ ဥပ္ပဇ္ဇတိ ပီတိ နိရာမိသာ၊
ပီတိ သမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော
အာရဒ္ဓေါ ဟောတိ၊ ပီတိသမ္ဗောဇ္ဈင်္ဂံ တသ္မိံ သမယေ
ဘိက္ခုဘာဝေတိ၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ
ဘိက္ခုနော ဘာဝနာပါရိပူရိံ ဂစ္ဆတိ၊ ပီတိမနဿ
ကာယောပိ ပဿမ္ဘတိ စိတ္တမ္ပိ ပဿမ္ဘတိ ယသ္မိံ သမယေ
ဘိက္ခဝေ ဘိက္ခုနော ပီတိမနဿ ကာယောပိ ပဿမ္ဘတိ
စိတ္တမ္ပိ ပဿမ္ဘတိ။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ
ဘိက္ခုနော အာရဒ္ဓေါ ဟောတိ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ
တသ္မိံ သမယေ ဘိက္ခု ဘာဝေတိ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ
တသ္မိံ သမယေ ဘိက္ခုနော ဘာဝနာပါရိပူရိံ ဂစ္ဆတိ၊
ပဿဒ္ဓကာယဿ သုခိနော စိတ္တံ သမာဓိယတိ။

ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခုနော ပဿဒ္ဓ
ကာယဿ သုခိနော စိတ္တံ သမာဓိယတိ၊ သမာဓိသမ္ဗော
ဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓေါ

ဟောတိ သမာဓိသမ္ဗောဇ္ဈင်္ဂံ တသ္မိံ သမယေ ဘိက္ခု ဘာဝေတိ၊ သမာဓိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော ဘာဝနာပါရိပူရိံ ဂစ္ဆတိ၊ သော တထာ သမာဟိတံ စိတ္တံ သာဓုကံ အဇ္ဈုပေက္ခိတာ ဟောတိ။

ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခု တထာသမာဟိတံ စိတ္တံ သာဓုကံ အဇ္ဈုပေက္ခိတာ ဟောတိ၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓေါ ဟောတိ၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ တသ္မိံ သမယေ ဘိက္ခု ဘာဝေတိ၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော ဘာဝနာပါရိပူရိံ ဂစ္ဆတိ။

ဧဝံ ဘာဝိတေသု ခေါ ဘိက္ခဝေ သတ္တသု သမ္ဗောဇ္ဈင်္ဂေသု ဧဝံ ဗဟုလီကတေသု သတ္တ ဖလာ သတ္တာနိသံသာ ပါဋိကင်္ခါ။ ကတမေ သတ္တ ဖလာ သတ္တာ နိသံသာ၊ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ အညံ အာရာဓေတိ။ နော စေ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ အညံ အာရာဓေတိ၊ အထ မရဏကာလေ အညံ အာရာဓေတိ၊ နော စေ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ အညံ အာရာဓေတိ၊ နော စေ မရဏကာလေ အညံ အာရာဓေတိ၊ အထ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ အန္တရာပရိနိဗ္ဗာယီ ဟောတိ။ နော စေ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ အညာ အာရာဓေတိ၊ နော စေ မရဏကာလေ အညံ အာရာဓေတိ၊ နော စ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ အန္တရာပရိနိဗ္ဗာယီ ဟောတိ၊ အထ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ

ဥပဟစ္စ ပရိနိဗ္ဗာယီဟောတိ  နော စေ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ
အညံ အာရာဓေတိ၊ နော စေ မရဏကာလေ အညံ အာရာ
ဓေတိ၊ နော စေ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ
ပရိက္ခယာ အန္တရာ ပရိနိဗ္ဗာယီ ဟောတိ နော စေ ပဉ္စန္နံ
ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ ဥပဟစ္စ ပရိနိဗ္ဗာယီ
ဟောတိ၊ အထ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ
ပရိက္ခယာ အသင်္ခါရ ပရိနိဗ္ဗာယီ ဟောတိ။ နော စေ ဒိဋ္ဌေဝ
ဓမ္မေ ပဋိကစ္စ အညံ အာရာဓေတိ၊ နော စေ မရဏကာလေ
အညံ အာရာဓေတိ နော စေ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယော
ဇနာနံ ပရိက္ခယာ အန္တရာ ပရိနိဗ္ဗာယီ ဟောတိ၊ နော စေ ပဉ္စန္နံ
ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ ဥပဟစ္စ ပရိနိဗ္ဗာယီ
ဟောတိ၊ နော စေ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ
ပရိက္ခယာ သသင်္ခါရ ပရိနိဗ္ဗာယီ ဟောတိ၊ အထ ပဉ္စန္နံ ဩရမ္ဘာ
ဂိယာနံ သံယောဇနာနံ ပရိက္ခယာ သသင်္ခါရ ပရိနိဗ္ဗာယီ
ဟောတိ၊ အထ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ
သသင်္ခါရ ပရိဗ္ဗာယီ ဟောတိ။ နော စေ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ
အညံ အာရာဓေတိ၊ နော စေ မရဏ ကာလေ အညံ
အာရာဓေတိ၊ နော စေ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ
ပရိက္ခယာ အန္တရာပရိနိဗ္ဗာယီ ဟောတိ၊ နော စေ ပဉ္စန္နံ ဩရမ္ဘာ
ဂိယာနံ သံယောဇနာနံ ပရိက္ခယာ ဥပဟစ္စပရိနိဗ္ဗာယီ ဟောတိ၊
နော စေ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ
အသင်္ခါရ ပရိနိဗ္ဗာယီ ဟောတိ၊ နော စေ ပဉ္စန္နံ ဩရမ္ဘာ ဂိယာ

နံ သံယောဇနာနံ ပရိက္ခယာ သသင်္ခါရ ပရိနိဗ္ဗာယီ ဟောတိ၊
အထ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ ဥဒ္ဓံ
သောတော ဟောတိ အကနိဋ္ဌဂါမီ၊ ဧဝံ ဘာဝိတေသု ခေါ
ဘိက္ခဝေ သတ္တသု ဗောဇ္ဈင်္ဂေသု ဧဝံ ဗဟုလိကတေသု ဣမေ
သတ္တ ဖလာ သတ္တာ နိသံသာ ပါဋိကင်္ခါတိ။ ။

## (၆) ဗောဇ္ဈင်္ဂသံယုတ် မြန်မာပြန်

၁၈၄။ ရဟန်းတို့သီလနှင့်ပြည့်စုံကုန်သော သမာဓိနှင့်ပြည့်စုံကုန်သော ဉာဏ်နှင့် ပြည့်စုံကုန်သောလွတ်မြောက်မှု'အရဟတ္တဖိုလ်ဝိမုတ္တိ'နှင့်ပြည့်စုံကုန်သောလွတ်မြောက်မှုကိုဆင်ခြင်သောပစ္စဝေက္ခဏာဉာဏ်နှင့်ပြည့်စုံကုန်သော ရဟန်းတို့အားဖူးမြော်ရခြင်းကိုလည်းကျေးဇူးများ၏ဟုငါဆို၏

ထိုရဟန်းတို့၏ဂုဏ်ကျေးဇူး စကားကိုကြားနာရခြင်းကို
လည်း ကျေးဇူးများ၏ဟု ငါးဆို၏၊ ထိုရဟန်းတို့ ား
ဆည်းကပ်ရခြင်းကိုလည်း ကျေးဇူးများ၏ဟု ငါဆို၏၊
ထိုရဟန်းတို့အား အဖန်ဖန် အောက်မေ့ရခြင်းကိုလည်း
ကျေးဇူးများ၏ဟု ငါဆို၏၊ ထိုရဟန်းတို့သို့အတုလိုက်၍
ရဟန်းပြုရခြင်းကိုလည်း ကျေးဇူးများ၏ ဟု ငါတို့၏။
ထိုသို့ဆိုခြင်းသည် အဘယ့်ကြောင့်နည်း၊ရဟန်းတို့ ထိုသို့
သဘောရှိကုန်သော ရဟန်းတို့၏ တရားကို ြားနာရ
သည်ရှိသော်ကိုယ်၏ငြိမ်းချမ်းခြင်းလည်းကောင်း၊စိတ်၏
ငြိမ်းချမ်းခြင်းလည်းကောင်း ငြိမ်းချမ်းခြင်းနှစ်ပါးဖြင့်
ငြိမ်းချမ်းစွာနေရ၏။ ထိုသူသည် ထိုကဲ့သို့ ငြိပ် ချမ်းစွာ
နေလျက် ထို(ဆုံးမဟောကြား အပ်သော) တရားကို
အဖန်ဖန်အောက်မေ့၏၊ အဖန်ဖန်ကြံစည်၏။

ရဟန်းတို့ အကြင်အခါရဟန်းသည် ထိုသို့ငြိမ်းချမ်း
စွာနေလျက် ထို ဆုံးမဟောကြားအပ်သော) တရားကို
အဖန်ဖန် အောက်မေ့၏၊ အဖန်ဖန်ကြံစည်၏၊ ထိုအခါ
ရဟန်းအား သတိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊
ထိုအခါ ရဟန်းသည် သတိသမ္ဗောဇ္ဈင်ကို ပွားများ၏။
ထိုအခါ- ရဟန်းအား သတိသမ္ဗောဇ္ဈင်သည် ပွားများ
ပြည့်စုံခြင်းသို့ ရောက်၏ ထိုရဟန်းသည် ထိုသို့သတိနှင့်
ပြည့်စုံစွာ နေလျက်ထို (ဆုံးမ ဟောကြား အပ်သော)

တရားကို ပညာဖြင့် စိစစ်၏။ ဉာဏ်ကို ဖြစ်စေ၏။ စူးစမ်းရှာဖွေခြင်းသို့ရောက်၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ထိုသို့သတိနှင့် ပြည့်စုံစွာနေလျက် (ဆုံးမဟောကြားအပ်သော)တရားကိုပညာဖြင့်စိစစ်၏၊ ဉာဏ်ကိုဖြစ်စေ၏၊ စူးစမ်းရှာဖွေခြင်းသို့ရောက်၏ ထိုအခါ ရဟန်းအား ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို အားထုတ်ပြီး ဖြစ်၏၊ ထိုအခါရဟန်းသည် ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ပွားများ၏၊ ထိုအခါရဟန်းအား ဓမ္မဝိစယ သမ္ဗောဇ္ဈင်သည် ပွားများ ပြည့်စုံ ခြင်းသို့ ရောက်၏။ ထို (ဆုံးမဟောကြားအပ်သော) တရားကို ပညာဖြင့် စိစစ်သော ဉာဏ်ကိုဖြစ်စေသော စူးစမ်းရှာဖွေခြင်းသို့ ရောက်သော ထိုရဟန်းအား မတွန့်တိုသောလုံ့လကို အားထုတ်ပြီးဖြစ်၏။

ရဟန်းတို့ အကြင်အခါ ထို(ဆုံးမဟောကြားအပ်သော)တရားကိုပညာဖြင့် စိစစ်သောဉာဏ်ကို ဖြစ်စေသော စူးစမ်းရှာဖွေခြင်း သို့ရောက်သော ရဟန်းအား မတွန့်တိုသော လုံ့လကို အားထုတ်ပြီးဖြစ်၏။ ထိုအခါရဟန်းအား ဝီရိယသမ္ဗောဇ္ဈင်ကို အားထုတ်ပြီး ဖြစ်၏၊ ထိုအခါရဟန်းသည် ဝီရိယသမ္ဗောဇ္ဈင်ကို ပွားများ၏၊ ထိုအခါ ရဟန်းအား ဝီရိယသမ္ဗောဇ္ဈင်သည် ပွားများ ပြည့်စုံခြင်း သို့ရောက်၏၊ မြဲမြံစွာ အားထုတ်ပြီးသော ရဟန်းအား ကာမဂုဏ်အာမိသ 'ကင်းသော နှစ်သိမ့်မှု' 'ပီတိ' ဖြစ်၏။

ရဟန်းတို့အကြင်အခါ မြဲမြံစွာအားထုတ်ပြီးသော ရဟန်းအား ကာမဂုဏ် 'အာမိသ' ကင်းသောနှစ်သိမ့်မှု 'ပီတိ'ဖြစ်၏၊ ထိုအခါရဟန်းသည် ပီတိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီး ဖြစ်၏၊ ထိုအခါ ရဟန်းသည် ပီတိသမ္ဗောဇ္ဈင်ကို ပွားများ၏၊ ထိုအခါ ရဟန်းအား ပီတိ သမ္ဗောဇ္ဈင်သည်ပွားများပြည့်စုံခြင်းသို့ရောက်၏။ ရဟန်းတို့အကြင်အခါ နှစ်သိမ့်သောစိတ်ရှိသောရဟန်းအား ကိုယ်သည်လည်းငြိမ်းချမ်း၏၊ စိတ်သည်လည်း ငြိမ်းချမ်း၏၊ ထိုအခါရဟန်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီး ဖြစ်၏၊ ထိုအခါရဟန်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားများ၏၊ ထိုအခါရဟန်းအား ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ပွားများပြည့်စုံခြင်းသို့ရောက်၏။ ငြိမ်းချမ်းသော ကိုယ်ရှိသောချမ်းသာသော ရဟန်း၏ စိတ်သည်တည်ကြည်၏။

အကြင်အခါ ငြိမ်းချမ်းသော ကိုယ်ရှိသော ချမ်းသာသော ရဟန်း၏ စိတ်သည်တည်ကြည်၏၊ ထိုအခါရဟန်းအား သမာဓိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီ ဖြစ်၏၊ ထိုအခါရဟန်းသည် သမာဓိသမ္ဗောဇ္ဈင်ကို ပွားများ၏၊ ထိုအခါရဟန်းအား သမာဓိသမ္ဗောဇ္ဈင်သည် ပွားများ ပြည့်စုံခြင်းသို့-ရောက်၏၊ ထိုရဟန်းသည်ထိုသို့ တည်ကြည်သောစိတ်ကို ကောင်းစွာ လျစ်လျူရှု၏။

ရဟန်းတို့ အကြင်အခါရဟန်းသည် ထို သို့တည်ကြည်သော စိတ်ကိုကောင်းစွာလျစ်လျူရှု၏၊ ထိုအခါဥပေက္ခာသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါရဟန်းသည် ဥပေက္ခာသမ္ဗောဇ္ဈင်

ကိုပွားများ၏၊ ထိုအခါရဟန်အား ဥပေက္ခာ သမ္ဗောဇ္ဈင်သည် ပွားများပြည့်စုံခြင်းသို့ရောက်၏။

ရဟန်းတို့ဗော္ဇဈင်ခုနစ်ပါးတို့ကိုဤသို့ပွားများအပ်ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည် ရှိသော် ခုနစ်ပါးသောအကျိုးအာနိသင်တို့ကို(မချွတ်ရလိမ့်မည်ဟု)မျှော်လင့်အပ်၏ ။ ခုနစ်ပါးသောအကျိုး အာနိသင်တို့ဟူသည် အဘယ်နည်း၊ မျက်မှောက်ဘဝစောစောကပင် အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏၊ မျက်မှောက်ဘဝစောစောကပင် အဟုရဟတ္တဖိုလ်ကိုမပြီးစေနိုင်ခဲ့မူ သေခါနီးအခါ၌အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏၊ မျက်မှောက် ဘဝ-စောစောကပင် အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ သေခါနီးအခါ၌ အရဟတ္တဖိုလ်ကိုမပြီးစေနိုင်ခဲ့မူ၊ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ကုန်ခြင်းကြောင့်(အသက်တမ်း၏)အလယ်၌(အရဟတ္တဖိုလ်သို့ရောက်လျက် ပရိနိဗ္ဗာန်ပြုရသောအန္တရာပရိနိဗ္ဗာယီမည်သောအနာဂါမ်ဖြစ်နိုင်၏၊ မျက်မှောက်ဘဝစောစောပင်မသေမီကအရဟတ္တဖိုလ်ကိုမပြီး စေနိုင်ခဲ့မူ သေခါနီးအခါ၌အရဟတ္တဖိုလ်ကိုမပြီးစေနိုင်ခဲ့မူအောက်ပိုင်း သံယောဇဉ် ငါးပါးတို့ကုန်ခြင်းကြောင့် အသက်တမ်း၏ အလယ်၌ (အရဟတ္တဖိုလ်သို့ရောက်လျက်)ပရိနိဗ္ဗာန်ပြုသော အန္တရာပရိနိဗ္ဗာယီမည်သောအနာဂါမ်မဖြစ်နိုင်ခဲ့မူ၊ အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ကုန်ခြင်း ကြောင့် အသက်တမ်း၏ ထက်ဝက်ကို လွန်၍ အရဟတ္တဖိုလ်သို့ရောက်လျက် ပရိနိဗ္ဗာန်ပြုရသော ဥပဟစ္စပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်နိုင်၏။ မျက်မှောက်ဘဝစောစော

ကပင် အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ သေခါနီး အခါ၌
အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ အောက်ပိုင်း သံယော
ဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် အသက်တမ်း၏ အလယ်၌
(အရဟတ္တဖိုလ်သို့ရောက်လျက်)ပရိနိဗ္ဗာန်ပြုရသော အန္တရာပရိ
နိဗ္ဗာန်ပြုရသော အန္တရာပရိနိဗ္ဗာယီ မည်သောအနာဂါမ်မဖြစ်
နိုင်ခဲ့မူ အောက်ပိုင်း သံယောဇဉ် ငါးပါးတို့ကုန်ခြင်းကြောင့်
အသက်တမ်း၏ ထက်ဝက်ကိုလွန်၍ အရဟတ္တဖိုလ်သို့ ရောက်
လျက် ပရိနိဗ္ဗာန်ပြုရသော ဥပဟစ္စပရိနိဗ္ဗာယီ မည်သောအနာ
ဂါမ်မဖြစ်နိုင်ခဲ့မူ အောက်ပိုင်း သံယောဇဉ် ငါးပါးတို့ကုန်
ခြင်းကြောင့် ပယောဂ (လုံ့လ) မပါပဲ (အရဟတ္တဖိုလ်သို့
ရောက်လျက် ပရိနိဗ္ဗာန် ပြုရသောအသင်္ခါရ ပရိနိဗ္ဗာယီမည်
သောအနာဂါမ် ဖြစ်နိုင်၏။ မျက်မှောက်ဘဝ စောစောကပင်
အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ သေခါနီးအခါ၌ အရဟတ္တ
ဖိုလ်ကိုမပြီးစေနိုင်ခဲ့မူ အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ကုန်
ခြင်းကြောင့် အသက်တမ်း၏ အလယ်၌ ( အရဟတ္တဖိုလ်သို့
ရောက်လျက် ) ပရိနိဗ္ဗာန်ပြုရသော အန္တရာပရိနိဗ္ဗာယီမည်
သော အနာဂါမ်မဖြစ်နိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ် ငါး
ပါးတို့ ကုန်ခြင်းကြောင့် အသက်တမ်း၏ ထက်ဝက်ကိုလွန်၍
(အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော ဥပဟစ္စ
ပရိနိဗ္ဗာယီ မည်သော အနာဂါမ် မဖြစ်နိုင်ခဲ့မူ အောက်ပိုင်း
သံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် ပယောဂ (လုံ့လ)
မပါပဲ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန် ပြုရသော
အသင်္ခါရ ပရိနိဗ္ဗာယီ မည်သော အနာဂါမ်မဖြစ် နိုင်ခဲ့မူ

အောက်ပိုင်း သံယောဇဉ်တို့ ကုန်ခြင်းကြောင့် ပယောဂ (လုံ့လ) နှင့်တကွ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန် ပြုရသောသသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်မဖြစ်နိုင်၏။ မျက်မှောက်ဘဝ စောစောကပင် အရဟတ္တဖိုလ်ကိုမပြီး စေနိုင်ခဲ့မူသေခါနီး အခါ၌တရဟတ္တဖိုလ် ကိုမပြီးစေနိုင်ခဲ့မူ အောက်ပိုင်း သံယောဇဉ် တို့ကုန်ခြင်းကြောင့် အသက်တမ်း၏အလယ်၌ (အရဟတ္တဖိုလ်သို့ရောက်လျက်) ပရိနိဗ္ဗာန် ပြုရသော အန္တရာပရိနိဗ္ဗာယီ မည်သော အနာဂါမ် မဖြစ်နိုင်ခဲ့မူ အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ကုန်ခြင်းကြောင့် အသက်တမ်း၏ ထက်ဝက်ကိုလွန်၍(အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန် ပြုရသောဥပဟစ္စပရိနိဗ္ဗာယီမည်သောအနာဂါမ်မဖြစ်နိုင်ခဲ့မူအောက်ပိုင်းသံယောဇဉ်ငါးပါးတို့ကုန်ခြင်းကြောင့် ပယောဂ(လုံ့လ) မပါပဲ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန် ပြုရသော အသင်္ခါရပရိနိဗ္ဗာယီမည်သောအနာဂါမ်မဖြစ်နိုင်ခဲ့မူအောက်ပိုင်း သံယောဇဉ် ငါးပါးတို့ ကုန်ခြင်းကြောင့် ပယောဂ (လုံ့လ) နှင့်တကွ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော သသင်္ခါရ ပရိနိဗ္ဗာယီ မည်သော အနာဂါမ် မဖြစ်နိုင်ခဲ့မူ အောက်ပိုင်း သံယောဇဉ် ငါးပါးတို့ကုန်ခြင်းကြောင့် အထက်ဘုံအဆင့်ဆင့်တက်၍ အကနိဋ္ဌဘုံ၌(အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသောဥဒ္ဓံသောတအကနိဋ္ဌဂါမီမည်သောအနာဂါမ် ဖြစ်နိုင်၏။ ရဟန်းတို့ဗောဇ္ဈင် ခုနစ်ပါးတို့ကို ဤသို့ပွား များအပ်ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် ဤခုနစ်ပါးသော အကျိုးအာနိသင်တို့ကို(မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏ဟု(မိန့်တော်မူ၏) ။

(၁၄)

## ဗောဇ္ဈင်္ဂသံယုတ်

## သီလသုတ် မြန်မာပြန်

## အဓိပ္ပါယ်ရှင်းလင်းချက်

**အောက်ပိုင်း သံယောဇဉ် ငါးပါးတို့ ကုန်ခြင်းကြောင့်=** သံယောဇဉ် ဆယ်ပါး တို့တွင် ကာမဘုံဟူသော အောက်အဖို့ ဘုံသို့ သက်ရောက်စေနိုင်သော ဩရမ္ဘာဂိယသံယောဇဉ်ငါးပါး၊ ရူပဘုံ အရူပဘုံဟူသော အထက်အဖို့သို့ သက်ရောက်စေနိုင်သော ဥဒ္ဓမ္ဘာ ဂိယ သံယောဇဉ်ငါးပါးရှိသည်။

ကာမရာဂ၊ ပဋိဃ၊ ဝိစိကိစ္ဆာ၊ ဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသ ဟူသော သံယောဇဉ်ငါးပါးသည် ဩရမ္ဘာဂိယ သံယောဇဉ် မည်၏။ ထိုသံယောဇဉ် ငါးပါးကို အနာဂါမိ မဂ်ဖြင့် ပယ်၏။

တနည်းဆိုသော် ထိုသံယောဇဉ်ငါးပါးကို ပယ်နိုင်မှ အနာဂါမ်အဖြစ်သို့ ရောက်နိုင်၏။

ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာဟူသော သံယောဇဉ်ငါးပါးသည် ဥဒ္ဓမ္ဘာဂိယသံယောဇဉ်မည်၏။ ထိုသံယောဇဉ်ငါးပါးကို အရဟတ္တမဂ်သို့ရောက်မှ ပယ်နိုင်၏။ ကနည်းဆိုသော် ထိုသံယောဇဉ်ငါးပါးကို အကြွင်းမဲ့ ပယ်နိုင်မှ ရဟန္တာအဖြစ်သို့ ရောက်နိုင်ပေသည်။

ပယောဂ(လုံ့လ)မပါပဲ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော အသင်္ခါရ ပရိနိဗ္ဗာယီမည်သော အနာဂါမ် ဖြစ်နိုင်၏။

အဝိဟာ၊ အတပ္ပါ စသော သုဒ္ဓါဝါသ ငါးဘုံတို့တွင် တဘုံဘုံ၌ ဖြစ်ပြီး လွန်ကဲသော ဝိပဿနာအားထုတ်မှုဖြင့်(အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်သည် သသင်္ခါရ ပရိနိဗ္ဗာယီမည်၏။ လွန်ကဲသော ဝိပဿနာ အားထုတ်မှုမရှိပဲ (အရဟတ္တဖိုလ်သို့ရောက်၍) ပရိနိဗ္ဗာန်ပြုသောပုဂ္ဂိုလ်သည် အသင်္ခါရ ပရိနိဗ္ဗာ ယီ မည်၏ဟု ဆိုလိုပါသည်။

အထက်အထက်ဘုံသို့ အဆင့်ဆင့် တက် ၍ အကနိဋ္ဌဘုံ၌ (အရဟတ္တဖိုလ်သို့ရောက်လျှင်)ပရိနိဗ္ဗာန်ပြုရသော ဥဒ္ဓံသောတ အကနိဋ္ဌဂါမိ မည်သော အနာဂါမ်ဖြစ်နိုင်၏။

အကြင် အနာဂါမ် ပုဂ္ဂိုလ်သည် သုဒ္ဓါဝါသ ငါးဘုံတို့တွင် တဘုံဘုံ၌ဖြစ်၍ သက်တမ်းဆုံးအောင်တည်ပြီး 'အထက်အထက်

ဘုံများသို့ အစဉ်အတိုင်း တက်သွား၏။ အထက်ဆုံးဖြစ်သော အကနိဋ္ဌဘုံ သို့ရောက်သောအခါ အရဟတ္တဖိုလ်ကို မျက်မှောက် ပြုပြီး ပရိနိဗ္ဗာန်ပြု၏။ ထိုအနာဂါမ်ပုဂ္ဂိုလ်သည် ဥဒ္ဓံ သောတ အကနိဋ္ဌဂါမိ မည်၏။

............):၀:(..........:

## ၇။ မဂ္ဂသံယုတ္တပါဠိ

### ဝိဘင်္ဂသုတ် နိဒါန်း

ဤဝိဘင်္ဂသုတ်မှာ သံယုတ္တ နိကာယ် မဟာဝဂ္ဂပါဠိ၊ မဂ္ဂသံယုတ်မှကောက်နုတ်ချက်ဖြစ်ပါသည်။ ဤသုတ်၌ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ စသော မဂ္ဂင် ရှစ်ပါးတို့၏ သရုပ်နှင့် အဓိပ္ပာယ်တို့ကို အကျယ်အားဖြင့် ဖွင့်ဆို ဟောကြားထားပါသည်။

မဂ္ဂင် = မဂ္ဂင်ဟူသည် မဂ္ဂနှင့် အင်္ဂဟူသော ပုဒ်နှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း၏ အစိတ်အပိုင်း ဖြစ်သော တရားများဟူ၍ အဓိပ္ပာယ်ရပါသည်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ စသော တရား တပါးစီကို မဂ္ဂင်ဟု ခေါ်ပြီး ယင်းတရားရှစ်ပါးတို့၏ အပေါင်းကို အင်္ဂါရှစ်ပါးရှိသော အရိယမဂ် ဟူ၍ ခေါ်ဆိုပါသည်။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး နောက် ပဉ္စဝဂ္ဂီ ရဟန်းငါးပါးတို့အား တရားဦး ဟောကြားရာ၌ ရဟန်းတို့ ငါသည် ကာမဂုဏ်ချမ်းသာကို ခံစားခြင်း၊ မိမိကိုယ်ကို ဆင်းရဲ ပင်ပန်းအောင် အားထုတ်ခြင်း ဟူသော အစွန်း နှစ်ပါးသို့ မကပ်ရောက် မူ၍ ဖြောင့်တန်း တည့်မတ်သော အလယ်လမ်း အကျင့်ကို ထိုးထွင်း၍ သိအပ်ပြီ၊ ထိုအကျင့်ကား အဘယ်နည်း ဆိုသော်အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင်ဖြစ်ပေ၏ ဟူ၍ဟော ကြားတော်မူ ခဲ့ပါသည်။

ထို့ပြင် မြတ်စွာဘုရားသည် ကုသိနာရုံပြည်မလ္လာ မင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူရန် ညောင်စောင်း ထက်၌ လျောင်းတော် မူနေစဉ်၊ သုဘဒ္ဒ ပရိဗိုဇ်အားအချင်း သုဘဒ္ဒ၊ အကြင်တရားအဆုံးအမ၌ အင်္ဂါရှစ်ပါးရှိသော အရိယ မဂ်ကို မရနိုင်၊ ထိုတရား အဆုံးအမ၌ သောတာပန် ရဟန်းကို လည်း မရနိုင် ...ရဟန္တာကိုလည်း မရနိုင်ဟူ၍မိန့်ကြားခဲ့ပါသည်။
ဓမ္မပဒ၊ မဂ္ဂဝဂ်၌လည်း-

လမ်းဟူသမျှတို့တွင် အင်္ဂါရှစ်ပါး ရှိသော လမ်းသည် အမြတ်ဆုံးဖြစ်၏။ သစ္စာဟူသမျှတို့ထွင် အရိယသစ္စာလေးပါး တို့သည် အမျက်ဆုံးဖြစ်ကုန်၏၊ တရားဟူသမျှတို့တွင် ရာဂကင်း ရာနိဗ္ဗာန်သည် အမြတ်ဆုံး ဖြစ်၏၊ အခြေ နှစ်ချောင်း ရှိသော သတ္တဝါဟူသမျှတို့တွင် လည်း စက္ခုငါးပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားသည်အမြတ်ဆုံးဖြစ်၏။

ယူ၍ ဟောကြားတော်မူခဲ့ပါသည်။

အထက်ဖော်ပြပါ ဟောကြားချက်များအရ မဂ္ဂင်ရှစ်ပါးသည်နိကာယ်ငါးရပ် ပိဋကတ်သုံးပုံဟုဆိုအပ်သော ဗုဒ္ဓတရားတော်၌ အရေးကြီးဆုံးသော အကျင့်တရားများ ဖြစ်ပါသည်။ ထိုမဂ္ဂင်ရှစ်ပါးကြီးထွားရင့်သန်စေရန် အတွက်သတိပဋ္ဌာန်လေးပါးသမ္မပ္ပဓာန် လေးပါးစသော တရားတို့ကို တူထောင် ပွားများရခြင်းဖြစ်ပါသည်။

မဂ္ဂင်ရှစ်ပါးတို့တွင်သမ္မာဒိဋ္ဌိဟူသည်သစ္စာလေးပါးကိုသိမြင်သော ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ပင်ဖြစ်သည်ဟု ဤဝိဘင်္ဂသုတ်၌ ဟောကြားထားပါသည်။ ထိုသမ္မာဒိဋ္ဌိသည် ဣဒ္ဓိပါဒ်လေးပါး၌ ဝီမံသိ ဒ္ဓိပါဒ်ဟူသော အမည်ဖြင့်လည်းကောင်း၊ ဗိုလ်ငါးပါး၊ ဣန္ဒြေငါးပါးတို့၌ ပညာဗိုလ်၊ ပညိန္ဒြေဟူသော အမည်တို့ဖြင့်လည်းကောင်း၊ ဗောဇ္ဈင်ခုနစ်ပါး၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟူသော အမည်ဖြင့် လည်းကောင်း၊ အသီးသီး ပါဝင်ခဲ့သော ပညာစေတသိက်ပင်ဖြစ်ပါသည်။

ထို့အတူပင် သမ္မာဝါယာမမဂ္ဂင်သည် သမ္မပ္ပဓာန်၊ ဝီရိယိဒ္ဓိပါဒ်၊ ဝီရိယဗိုလ် ဝီရိယိန္ဒြေ၊ ဝီရိယသမ္ဗောဇ္ဈင်ဟူသော အမည်ဖြင့် ပါဝင်ခဲ့သော ဝီရိယ စေတသိက်ပင်ဖြစ်သည်။

သမ္မာသတိမဂ္ဂင်သည်သတိပဋ္ဌာန်၊ သတိဗိုလ်၊ သတိန္ဒြေ၊ သတိသမ္ဗောဇ္ဈင်ဟူသော အမည်တို့ဖြင့်အသီးသီးပါဝင်ခဲ့သောသတိစေတသိက်ဖြစ်သည်။

သမ္မာသမာဓိမဂ္ဂင်သည် သမာဓိဗိုလ်၊ သမာဓိန္ဒြေ၊ သမာဓိသမ္ဗောဇ္ဈင်ဟူသော အမည်တို့ဖြင့် အသီးသီး ပါဝင် ခဲ့သော ဧကဂ္ဂတာ စေတသိက်ပင်ဖြစ်ပါသည်။

သမ္မာသင်္ကပ္ပ မဂ္ဂင်ကား သတိပဋ္ဌာန် ပွားများသော အခါ ရုပ်နာမ် အာရုံတို့၌ စိတ်ကိုရှေ့ရှုတင်ပေးသည့်ဝိတက်စေတသိက် ဖြစ်ပါသည်။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဟူသော မဂ္ဂင် သုံးပါးတို့မှာ သီလဝိသုဒ္ဓိကိုထူထောင်၍ သတိပဋ္ဌာန် လေးပါး ကို အားထုတ်သည့်အခါန်မှစ၍ ဒုစရိုက်၊ဒုရာဇီဝတို့မှ ကင်းစင် လျက်တဆင့်ပြီးတဆင့်တို့၌တိုး၍စင်ကြယ်ပြည့်စုံလာသော သီလ မဂ္ဂင်များ ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော်သတိပဋ္ဌာန်လေးပါးမှစ၍ မဂ္ဂင်ရှစ် ပါးလျှင် အဆုံးရှိသော တရား(၃၇)ပါးတို့သည်-

ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊

သမုဒယသစ္စာကိုပယ်ခြင်း၊

နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊

မဂ္ဂသစ္စာကို ပွားများခြင်း-

ဟူသော မဂ်ကိစ္စလေးပါး ပြီးမြောက်ရေးတွင် အသီးသီး ပူးပေါင်း ပါဝင်ကြရသော ဗောဓိပက္ခိယ တရားများ ဖြစ်ပါ သည်။

ထို့ကြောင့် မဂ္ဂင်ရှစ်ပါးကို အကျယ် ဟောကြားသော ဤဝိဘင်္ဂသုတ်ကိုလည်း သပ္ပုရိသန္ဒယ်ဝင် သူတော်စင်များ ယုံကြည်စွဲမြဲစွာ လေ့လာကျက်မှတ် ရွတ်ဖတ် သရဇ္ဈာယ် သင့်ကြောင်း ဖော်ညွှန်းလိုက်ရပေသည်။

.... —)း✳း(—........

## (၇) မဂ္ဂသံယုတ္တ

### ၈–ဝိဘင်္ဂသုတ်

၈။ သာဝတ္ထိနိဒါနံ။ အရိယံ ဝေါ ဘိက္ခဝေ အဋ္ဌင်္ဂိကံ မဂ္ဂံ ဒေသေဿာမိ ဝိဘဇိဿာမိ၊ တံ သုဏာထ သာဓုကံ မနသိကရောထ၊ ဘာသိဿာမီတိ။ 'ဧဝံ ဘန္တေ'တိ ခေါ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒ ဝေါစ–

ကတမော စ ဘိက္ခဝေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ ။ပ။ သမ္မာသမာဓိ။ ကတမာ စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ၊ ယံ ခေါ ဘိက္ခဝေ ဒုက္ခေ ဉာဏံ ဒုက္ခသမုဒယေ ဉာဏံ ဒုက္ခနိရောဓေ ဉာဏံ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။

ကတမော စ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ၊ ယော ခေါ ဘိက္ခဝေ နေက္ခမ္မသင်္ကပ္ပေါ အဗျာပါဒသင်္ကပ္ပေါ အဝိဟိံသာသင်္ကပ္ပေါ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။

ကတမာ စ ဘိက္ခဝေ သမ္မာဝါစာ၊ ယာ ခေါ ဘိက္ခဝေ၊ မုသာဝါဒါ ဝေရမဏီ ပိသုဏာယ ဝါစာယ ဝေရမဏီ ဖရုသာယ ဝါစာယ ဝေရမဏီ သမ္ဖပ္ပလာပါ ဝေရမဏီ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါစာ။

ကတမော စ ဘိက္ခဝေ သမ္မာကမ္မန္တော၊ ယော ခေါ ဘိက္ခဝေ ပါဏာတိပါတာ ဝေရမဏီ အဒိန္နာဒါနာ ဝေရမဏီ အဗြဟ္မစရိယာ ဝေရမဏီ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာကမ္မန္တော။

ကတမော စ ဘိက္ခဝေ သမ္မာ အာဇီဝေါ၊ ဣဓ ဘိက္ခဝေ အရိယ သာဝကော မိစ္ဆာအာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာ အာဇီဝေါ။

ကတမော စ ဘိက္ခဝေ သမ္မာ ဝါယာမော၊ ဣဓ ဘိက္ခဝေ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ ဥပ္ပန္နာနံ

ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ။ ပ။ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ။ ပ။ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ အသမ္မောသာယ ဘိယျောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ ဆန္ဒံ ဇနေတိ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါယာမော။

ကတမာ စ ဘိက္ခဝေ သမ္မာသတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ၊ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ၊ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသတိ။

ကတမော စ ဘိက္ခဝေ သမ္မာသမာဓိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သ ဝိတက္ကံ သ ဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟ ရတိ၊ ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ၊ သတော စ သမ္ပဇာနော သုခဉ္စ ကာယေန ပဋိသံဝေဒေတိ။ ယံ တံ အရိယာ အာစိက္ခန္တိ ‘ဥပေက္ခကော သတိမာ သုခ ဝိဟာရီ’တိ၊ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ သုခဿ စ ပဟာနာ ဒုက္ခဿ ပဟာနာ ပုဗ္ဗေဝ သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိ ပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသမာဓိ။

............)း၀း(............

## (၇) မဂ္ဂသံယုတ်မြန်မာပြန်

### ၀-ဝိဘင်္ဂသုတ်

၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား အင်္ဂါရှစ်ပါး ရှိသော အရိယမဂ်ကို ဟောကြားပေအံ့၊ ဝေဖန်ပေအံ့၊ ထိုတရားကို နာကြကုန်လော့ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပေအံ့ဟု (မိန့်တော်မူ၏) ထိုရဟန်းတို့

သည် 'အသျှင်ဘုရား ကောင်းပါပြီ'ဟု မြတ်ဘုရားအား ပြန်ကြား လျှောက် ထားကုန်၏။ မြတ်စွာ ဘုရား သည် ဤစကားကို မိန့်တော်မူ၏-

ရဟန်းတို့ အင်္ဂါရှစ်ပါး ရှိသော အရိယ မဂ်သည် အဘယ်နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်သော တည်ကြည်မှု 'သမ္မာ-သမာဓိ' တို့တည်း။ ရဟန်းတို့မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'ဟူသည်အဘယ်နည်း၊ ရဟန်းတို့ ဆင်းရဲကို သိသောဉာဏ် ဆင်းရဲဖြစ်ကြောင်းကို သိသော ဉာဏ် ဆင်းရဲ ချုပ်ငြိမ်း ရာကို သိသောဉာဏ် ဆင်းရဲ ချုပ်ငြိမ်းရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို သိသောဉာဏ်ပင်တည်း။ ရဟန်းတို့ဤသည်ကို မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ဟု ဆိုအပ်၏။

ရဟန်းတို့မှန်ကန်သောအကြံ'သမ္မာသင်္ကပ္ပ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ထွက်မြောက်လိုသောကြံစည်မှုမပျက်စီးစေလိုသော ကြံစည်မှု မညှင်းဆဲလိုသောကြံစည်းမှုသည်ရှိ၏။ ရဟန်းတို့၊ ဤသည်ကိုမှန်ကန်သော အကြံ'သမ္မာသင်္ကပ္ပ'ဟုဆိုအပ်၏။

ရဟန်းတို့ မှန်ကန်သော စကား 'သမ္မာဝါစာ' ဟူသည် အဘယ်နည်း၊ ရတန်းတို့မမှန်ပြောဆိုခြင်းမှရှောင်

ကြည့်ခြင်း ကုန်းစကားကို ပြောဆိုခြင်းမှ ရှောင်ကြည့်ခြင်း ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှရှောင်ကြည့်ခြင်း ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှရှောင်ကြည့်ခြင်းသည်ရှိ၏။ ရဟန်းတို့ဤသည်ကိုမှန်ကန်သော စကား'သမ္မာဝါစာ'ဟု ဆိုအပ်၏။

ရဟန်းတို့ မှန်ကန်သော အလုပ် 'သမ္မာကမ္မန္တ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ အသက် သတ်မှုမှ ရှောင်ကြည့်ခြင်း မပေးသည်ကို ယူမှုမှ ရှောင်ကြည့်ခြင်း မမြတ်သောမေထုန်အကျင့်မှ ရှောင်ကြည့်ခြင်းသည်ရှိ၏။ ရဟန်းတို့ ဤသည်ကို မှန်ကန်သော အလုပ် 'သမ္မာကမ္မန္တ'ဟုဆိုအပ်၏။

ရဟန်းတို့မှန်ကန်သော အသက်မွေးမှု 'သမ္မာအာဇီဝ' ဟူသည်အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာဖြစ်သော-တပည့်သည်မှားယွင်းသော အသက်မွေးမှု'မိစ္ဆာဇီဝ'ကို ပယ်၍မှန်ကန်သော အသက်မွေးမှု 'သမ္မာအာဇီဝ'ဖြင့်'အသက်မွေး၏။ ရဟန်းတို့ ဤသည်ကို မှန်ကန်သော အသက်မွေးမှု 'သမ္မာအာဇီဝ'ဟုဆိုအပ်၏။

ရဟန်းတို့ မှန်ကန်သော အားထုတ်မှု 'သမ္မာဝါယာမ' ဟူသည် အဘယ်နည်း၊ ရဟန်းတို့ဤသာသနာတော်၌ရဟန်းသည် မဖြစ်ကုန် သေးသော ယုတ်ညံ့သော အကုသိုလ် တရားတို့ကို

မဖြစ်စေရန်ဆန္ဒကို- ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏။ ဖြစ်ပြီးကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်ရန်ဆန္ဒကို ဖြစ်စေ၏။ပ။ မဖြစ် ကုန်သေးသော ကုသိုလ် တရားတို့ကို ဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏။ပ၊ ဖြစ်ကုန်းပြီးသော ကုသိုလ် တရားတို့ကိုတည်မြဲစေရန်မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွားစေရန် ပြန့်ပြောစေရန် ပွားများမှုပြည့်စုံစေရန် ဆန္ဒကိုဖြစ်စေ၏။ အားထုတ်၏ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ ရဟန်းတို့ဤသည်ကို မှန်ကန်သောအားထုတ်မှု 'သမ္မာဝါယာမ'ဟုဆိုအပ်၏။

ရဟန်းတို့ မှန်ကန်သောအောက်မေ့မှု 'သမ္မာသတိ' ဟူသည် အဘယ်နည်း၊ ရဟန်းတို့ဤသာသနာတော်၌ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည် ဖြစ်၍ ဆင်ခြင်ဉာဏ် သမ္ပဇဉ်အောက်မေ့မှု'သတိ'ရှိသည် ဖြစ်၍ လောက၌မက်မောမှု'အဘိဇ္ဈာ' နှလုံးမသာမှု 'ဒေါမနဿ' ကိုပယ်ဖျောက် လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍လောက၌မက်မောမှု 'အဘိဇ္ဈာ'နှလုံးမသာမှု' ဒေါမနဿ'ကိုပယ်ဖျောက်လျက် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍နေ၏၊ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု သတိ'ရှိသည်ဖြစ်၍ လောက

၌မက်မောမှု'အဘိဇ္ဈာ' နှလုံးမသာမှုဒေါမနဿ'ကိုပယ်ဖျောက်' လျက် စိတ်၌စိုးကိုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ပြင်းစွာအားထုတ်သော လုံ့လရှိသည် ဖြစ်၍ ဆင်ခြင်ဉာဏ်' 'သမ္ပဇဉ်'အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍လောက၌ မက်မောမှု 'အဘိဇ္ဈာ'နှလုံးမသာမှု'ဒေါမနဿကို ပယ်ဖျောက်လျက်သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ရဟန်းတို့ ဤသည့်ကို မှန်ကန်သော အောက်မေ့မှု သမ္မာသတိ'ဟုဆိုအပ်၏။

ရဟန်းတို့မှန်ကန်သောတည်ကြည်မှုသမ္မာသမာဓိ'ဟူသည်အဘယ်နည်း၊ရဟန်းတို့ဤသာသနာတော်၌ရဟန်းသည်ကာမတို့မှ ဆိတ်၍သာလျှင်အကုသိုလ်တရားတို့မှဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်မှု 'ဝိစာရနှင့်တကွ ဖြစ်သော နိဝရဏဆိတ်ခြင်းကြောင့်ဖြစ်သောနှစ်သိမ့်မှု ပီတိချမ်းသာမှုသုခ ရှိသောပထမဈာန်သို့ရောက်၍နေ၏၊ကြံစည်မှု'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ချုပ်ခြင်းကြောင့်ကြံစည်မှု'ဝိတက်သုံးသပ်မှု 'ဝိစာရမရှိသောစိတ်ကို ကြည်လင်စေတတ်သောစိတ်၏ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော တည်ကြည်မှု'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်မှု-'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ဒုတိယ ဈာန်သို့ရောက်၍ နေ၏၊ နှစ်သိမ့်မှု'ပီတိ'ကိုလည်း မစွဲမက်ခြင်း ကြောင့် လျစ်လျူရှု၍ သာလျှင်နေ၏၊ အောက်မေ့မှု'သတိ' ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာမှု'သုခ' ကိုလည်း ကိုယ်ဖြင့်ခံစား၏၊ (အကြင်တတိယဈာန်ကြောင့်)

ထိုသူကိုလျှစ်လျူရှုသူသတိရှိသူ ချမ်းသာစွာနေလေ့ရှိသူဟုအရိယာပုဂ္ဂိုလ်တို့သည် ချီးမွမ်းပြောဆိုကုန်၏၊ ထိုတတိယ-ဈာန်သို့ရောက်၍နေ၏၊ ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲမှု 'ဒုက္ခ' ကိုလည်း ပယ်ခြင်းကြောင့် ဝမ်းသာမှု 'သောမနဿ' နှလုံးမသာမှု 'ဒေါမနဿ' တို့ရှေးဦးကပင်ချုပ်နှင့်ခြင်းကြောင့်ဆင်းရဲ ချမ်းသာကင်းသော လျှစ်လျူရှုမှုကြောင့် ဖြစ်သောသတိ၏ ဖင်ကြည်ခြင်းရှိသော စတုတ္ထဈာန်သို့ရောက်၍နေ၏၊ ရဟန်းတို့ ဤသည်ကို မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ' ဟုဆိုအပ်၏ဟု (မိန့်တော်မူ၏)။

## မဂ္ဂသံယုတ်

## ဝိဘင်္ဂသုတ်မြန်မာပြန်

### အစိပ္ပါယ် ရှင်းလင်းချက်

ထင်းရဲကိုသိသောဉာဏ် ·——ဆင်းရဲချုပ်ရာ(နိဗ္ဗာန်သို့၊ ရောက်ကြောင်းအကျင့်ကိုသိသောဉာဏ်ပင်တည်း —

ဆင်းရဲခြင်း ဒုက္ခသစ္စာ၊ ဆင်းရဲ ဖြစ်ကြောင်း သမုဒယသစ္စာတို့၌ နာကြားခြင်း စဉ်းစားသုံးသပ်ခြင်း ထိုးထွင်း၍သိခြင်း၊ပြန်၍ဆင်ခြင်ခြင်း ဟူသော အခြင်းအရာလေးပါးတို့ဖြင့် အသိဉာဏ်ဖြစ်ပေါ်နိုင်၏၊ ဆင်းရဲချုပ်ငြိမ်းခြင်း နိရောဓသစ္စာ၊ ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဟူသော မဂ္ဂသစ္စာတို့၌ကားမဂ္ဂနှင့်နိရောဓတို့ကို ဝိပဿနာ ဉာဏ်ဖြင့်အာရုံမပြုနိုင်(စဉ်းစားသုံးသပ်ခြင်းမပြုနိုင်) သောကြောင့်နာကြားခြင်းထိုးထွင်း၍သိခြင်း ပြန်၍ဆင်ခြင်ခြင်း ဟူသောအခြင်းအရာသုံးပါးတို့ဖြင့်သာ အသိဉာဏ်ဖြစ်နိုင်သည်။

ရဟန်းတို့၊ ဤသည်ကိုမှန်စသောအကြံသမ္မာသင်္ကပ္ပဟုဆိုအပ်၏။ ။

သမ္မာသင်္ကပ္ပမဂ္ဂင်၌ကာမ၊ ဗျာပါဒ၊ ဝိဟိံသာတို့မှ ရှောင်ကြည်မှုနှင့် ယှဉ်သော သညာများ အသီးသီး ကွဲပြားသောကြောင့်အရိယမဂ်ကို မရမီ ရှေ့အဖို့၌ နေက္ခမ္မသင်္ကပ္ပ၊ အဗျာဒသင်္ကပ္ပ၊ အဝိဟိံသာ-သင်္ကပ္ပဟူ၍ အသီး အသီး တပါးစီ ဖြစ်ပေါ်ကြသည်။ မဂ်ခဏ၌ကားထိုကာမ၊ ဗျာပါဒ၊ ဝိဟိံသာဟူသောအကြောင်းသုံးပါးကြောင့် ဖြစ်ပေါ်နိုင်သောအကုသလသင်္ကပ္ပများ တဖန် မဖြစ်ပေါ်မှုကို ပြီးစေသော အားဖြင့်တခုတည်းသော ကုသလသင်္ကပ္ပ သည်သာ လျှင်မဂ်၏ အင်္ဂါကိုပြည့်စေ-လျက်ဖြစ်ပေါ်လာ၏။ ဤသို့ဖြစ်ပေါ်လာသောကုသလသင်္ကပ္ပသည် သမ္မာသင်္ကပ္ပမဂ္ဂမည်၏ဟုဆိုလိုပါသည်။

မှားယွင်းသောအသက်မွေးမှု 'မိစ္ဆာဇီဝ' ကိုပယ်၍ = စားဝတ်နေရေးအသက်မွေးဝမ်းကျောင်းမှု အတွက်ပြုလုပ်သော ကာယဒုစရိုက်သုံးပါးနှင့် ဝစီဒုစရိုက်လေးပါးကိုပင် 'မိစ္ဆာဇီဝ' ဟုဆိုသည်။

............)း၀း(............

# ရတနသုတ်-ပုဗ္ဗဏှသုတ် ပရိတ်တော်

နှင့်

‘ မြန်မာပြန် ’

No. 9

# ပရိတ်ကြီး ပါဠိတော်

## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာ’ ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

၂။ ဓမ္မဿဝနကာလော အယံ ဘဒန္တာ။

၃။ *နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၄။ ယေ သန္တာ သန္တစိတ္တာ တိသရဏသရဏာ,
ဧတ္ထ လောကန္တရေ ဝါ၊

ဘုမ္မာဘုမ္မာ စ ဒေဝါ ဂုဏ ဂဏ ဂဟဏ, ဗျာဝဋာ
သဗ္ဗကာလံ။

ဧတေ အာယန္တု ဒေဝါ, ဝရ ကနက မယေ
မေရုရာဇေ ဝသန္တော။

သန္တော သန္တောသ ဟေတုံ, မုနိဝရဝစနံ,
သောတုမဂ္ဂံ သမဂ္ဂါ။

---

* ဤ ‘နမော တဿ’ ဘုရားရှိခိုးပါဠိကို ဒီဃနိကာယ် သုတ်
မဟာဝဂ်ပါဠိတော် ၂၃၀၊ မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသပါဠိတော်
၃၁၄-၃၄၁၊ သံယုတ္တနိကာ သံ၊၁သမအုပ် ၁၆၂၊ အင်္ဂုတ္တရနိကာယ်
ပထမအုပ် ၆၀၊ ဒုတိယအုပ်-၂၀၈ စသည်တို့၌ တွေ့နိုင်သည်။
(ပရိတ်ကြီး ၁-ပ-မ-သ-စ)

၅။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မနော။
ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

၆။ သဗ္ဗေ တံ အနုမောဒိတွာ၊ သမဂ္ဂါ သာသနေ ရတာ။
ပမာဒရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။

၇။ သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

၉။ ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
အဂ္ဂိတော ဝါ ဥဒကတော ဝါ
ပိသာစတော ဝါ ခါဏုကတော ဝါ
ကဏ္ဋကတော ဝါ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
အသန္ဒိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ
စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက
မဏိသပ္ပဒီပိ အစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခ
ရက္ခသာဒီဟိ။
နာနာဘယတော ဝါ နာနာရောဂတော ဝါ
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။ ။

# ပရိတ်ကြီး မြန်မာပြန်

၁။ ဤစကြာဝဠာမှ အစပြု၍ ထက်ဝန်းကျင်အရပ်မျက်နှာ စကြာဝဠာတသောင်း၌ နေထိုင်ကြကုန်သော နတ်အများတို့သည် ပရိတ်တရားတော်ကို နာအံ့သောငှာ ဤအရပ်ဌာနသို့ ကြွရောက်တော်မူကြပါကုန်လော့။

ရဟန်းမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ နတ်ရွာနိဗ္ဗာန်ကို ပေးတော်မူတတ်သော ပရိတ်တရားတော်ကို နာယူကြပါကုန်လော့။

၂။ အို-နတ်အများတို့၊ ဤအခါကား ပရိတ်တရားတော်ကို နာယူအံ့သော အခါပေတည်း။

၃။ လူမင်း နတ်မင်း ဗြဟ္မာမင်းစသော အမင်းမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်၍ အလုံးစုံသော တရားတို့ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းသိမြင်တော်မူသော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

၄။ ဤစကြာဝဠာ၌လည်းကောင်း၊ တပါးသော စကြာဝဠာ၌လည်းကောင်း ဘုရား-တရား-သံဃာ ရတနာသုံးပါးလျှင် ကိုးကွယ်ရာရှိကုန်၍ သူတော်ကောင်းဖြစ်ကုန်လျက် ငြိမ်သက်သော စိတ်ရှိကုန်သော မြေ၌နေသော ဘုမ္မစိုး၊ ရုက္ခစိုး၊ မတုမဟာ

ရာဇ်၊ တာဝတိံသာနတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌ နေသော ယာမာအစ အကနိဋ္ဌအဆုံး တိုင်အောင်သော နတ်တို့ သည်လည်းကောင်း၊

လောကီဂုဏ်-လောကုတ္တရာဂုဏ်အပေါင်းကို ယူခြင်း၌ အခါ ခပ်သိမ်း အားထုတ်ကြကုန်သော နတ်တို့သည်လည်းကောင်း၊ ငွေ မြဖန်လျှင် ရွှေစင်အတိပြီးသော မြင်းမိုရ်တောင်မင်း၌ နေထိုင် သော သူတော်ကောင်း သိကြားမင်းသည်လည်းကောင်း

ထိုနတ်အပေါင်းတို့သည် ရောင့်ရဲလွယ်ခြင်း၏ အကြောင်းဖြစ် သော မြတ်စွာဘုရား ဒေသိတ်တရားတော်မြတ်ကို နာယူအံ့သောငှာ ညီညာဖြဖြ ကြွရောက်တော်မူကြပါကုန်လော။

၅/၆။ ခပ်သိမ်းသော စကြာဝဠာတို့၌ နေထိုင်ကုန်သော ဘီလူး နတ် ပြိတ္တာ အပေါင်းတို့သည် အကျွန်ုပ်တို့ ပြုလုပ်သည့် အလုံးစုံ အရပ်ရပ် စည်းစိမ်ချမ်းသာကို ပြီးစီးစေတတ်သော ကုသိုလ်ကောင်းမှုကို ဝမ်းမြောက်တော်မူကြပါကုန်လော့၊ ကိုယ် စိတ်နှစ်ဖြာ ညီညာစွာဖြင့် သာသနာတော်၌ မမေ့လျော့နှစ်သက် တော်မူကြပါကုန်လော့၊ အထူးအားဖြင့် စောင့်ရှောက်သော အရာတို့၌ မမေ့လျော့ခြင်း ကင်းကြပါကုန်လော့။

၇။ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည် လည်းကောင်း၊ သတ္တဝါဟူသမျှ သတ္တလောကကြီးသည်လည်းကောင်း အခါ ခပ်သိမ်း ကြီးပွားတိုးတက်ပါစေသတည်း။ ဗုဒ္ဓမြတ်စွာသာသနာ တော်ကြီးကိုလည်းကောင်း၊ သတ္တဝါဟူသမျှ သတ္တလောကကြီး ကိုလည်းကောင်း နတ်ကောင်း နတ်မြတ်တို့သည် အခါခပ်သိမ်း စောင့်ရှောက်ကြပါစေကုန်သတည်း။

၈။ ခပ်သိမ်းသော သတ္တဝါတို့သည် မိမိတို့၏ ဇနီး အရံ အဆွေ အမျိုး အားလုံးတို့နှင့်တကွ ချမ်းသာကြပါစေကုန်သတည်း၊ ဆင်းရဲမရှိကြပါစေကုန်သတည်း၊ ဝမ်းမြောက်ရွှင်လန်းနိုင်ပါစေကုန်သတည်း။

၉။ မင်းဘေးမှ လည်းကောင်း၊ သူခိုးဒမြဘေးမှ လည်းကောင်း၊ လူရိုင်း ဘေးမှလည်းကောင်း၊ ဘီလူးဘေးမှ လည်းကောင်း၊ မီးဘေးမှလည်းကောင်း၊ ရေဘေးမှ လည်းကောင်း၊ မြေဘုတ်ဘီလူးဘေးမှ လည်းကောင်း၊ သစ်ငုတ် ခလုတ် ဘေးမှ လည်းကောင်း၊ ဆူးငြောင့်ဘေးမှလည်းကောင်း၊

မကောင်းသော နက္ခတ်ဘေးမှလည်းကောင်း၊ ဇနပုဒ်၌ဖြစ်သော အနာရောဂါဘေးမှ လည်းကောင်း၊ မကောင်းသော အကျင့်ဘေးမှ လည်းကောင်း၊ မကောင်းသော အယူဘေးမှ လည်းကောင်း၊ သူယုတ်သူညစ်ဘေးမှလည်းကောင်း၊

ကြမ်းသောဆင်၊ ကြမ်းသောမြင်း၊ ကြမ်းသောသားရဲ၊ ကြမ်းသောနွား၊ ကြမ်းသောခွေး၊ ကြမ်းသောမြွေ၊ ကြမ်းသောကင်းမြီးကောက်၊ ကြမ်းသောမြွေစိမ်း၊ ကြမ်းသောသစ်၊ ကြမ်းသောဝံ၊ ကြမ်းသောအောင်း၊ ကြမ်းသောဝက်၊ ကြမ်းသောကျွဲ၊ ကြမ်းသော နတ်ဘီလူး၊ ကြမ်းသောရေစောင့်ဘီလူး အစရှိသည်တို့ကြောင့် ဖြစ်ကုန်သော အထူးထူးသော ဘေးမှလည်းကောင်း၊ အထူးထူးသော အနာရောဂါဘေးမှလည်းကောင်း၊ အထူးထူးသော ဥပဒ္ဒဝေါဘေးမှလည်းကောင်း သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့သည် ကြည့်ရှုစောင့်ရှောက်တော်မူကြပါကုန်လော့။

နတ်ပင့်ခန်း ပြီး၏။

# ရတနသုတ်ဝတ္ထု

တရံရောအခါ ဝေသာလီပြည် မိုးခေါင်လေရာ အစာရေစာ ငတ်မွတ်သောကြောင့် ဆင်းရဲသောသူတို့သည် များစွာသေဆုံးကြကုန်၏။ လူသေကောင်တို့ကို မြို့ပြင်၌စွန့်ပစ်ထားကြရာ အပုပ်နံ့ ကိုရသဖြင့် ဘီလူးတို့သည် မြို့တွင်းသို့ဝင်၍ လူတို့ကို ဖမ်းစားနှိပ်စက်ကြကုန်၏။ ထိုအခါလူတို့သည် ပိုမို၍ပျက်စီးကြကုန်၏။ ဤအတွင်း ကူးစက်ပြန့်ပွားသည့် အဟိဝါတရောဂါဟု ခေါ်သော ပလိပ်ရောဂါကပ်လည်း ဆိုက်ရောက်ပြန်ရာ လူမျိုးပြုန်းလုမတတ် သေဆုံးပျက်စီးကြပြန်ကုန်၏။

ထိုအခါ လိစ္ဆဝီမင်းတို့သည် စုရုံးတိုင်ပင် ဆွေးနွေးကြကုန်၍ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံး နေထိုင်တော်မူသော မြတ်စွာဘုရားထံ သွားရောက်လျှောက်ထားကာ ပင့်ကြကုန်၏။ မြတ်စွာဘုရားသည် ရတနသုတ်ကို ဟောတော်မူ၍ ဘေးကြီးသုံးပါး ငြိမ်းသွားမည်ကိုလည်းကောင်း၊ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ ကျွတ်တမ်းဝင်ကြမည်ကိုလည်းကောင်း၊ စကြဝဠာကုဋေတသိန်းတိုင်အောင် ရတနသုတ်၏ အာနုဘော်ပျံ့နှံ့မည်ကိုလည်းကောင်း မြင်တော်မူ၍ ရဟန်းငါးရာနှင့်တကွ ဝေသာလီပြည်သို့ ကြွရောက်တော်မူ၏။

ယင်းသို့ကြွတော်မူရာလမ်းခရီး၌ ဗိမ္ဗိသာရမင်းသည်ကြီးကျယ်ခမ်းနားစွာ ပူဇော်လျက် မိဖုရား မောင်းမမိဿံ ခြွေရံပရိသတ်မှူးမတ် ဗိုလ်ပါ အပေါင်းနှင့်တကွ ကိုယ်တိုင် ကြပ်မ၍ လိုက်ပို့

ဆောင်ရွက်လေ၏။ဝေသာလီမင်းတို့ကလည်း ဗိမ္ဗိသာရမင်းထက် နှစ်ဆပူဇော်လျက် ကြီးကျယ် ခမ်းနားစွာ ကြိုဆိုကြလေ၏။ ဝေသာလီမြေပေါ်သို့ မြတ်စွာဘုရားရှင် ခြေဖဝါးတော်ချမိလျှင်ပင် တိမ်လိပ်တိမ်ခဲတို့ဖြင့် တခဲနက်ထူထဲသော မိုးကြီးသည် လျှပ်စစ် လျှပ်ပန်းနွယ်များ ယှက်သန်းလျက် ထစ်ချုန်းမြည်ဟည်းကာ သည်းစွာ ရွာသွန်းချလေ၏။မိုးရေစိုစွပ်လိုသူများ စိုစွပ်၍၊ မစိုစွပ်လိုသူများအား တပေါက်မျှ မစိုစွပ်သော ပေါက္ခရဝဿမိုးကြီး ဖြစ်လေ၏။ မိုးရေအယဉ်ဘို့သည် အချို့နေရာများ၌ ဒူးဆစ်မျှလည်းကောင်း၊ ပေါင်လယ်မျှလည်းကောင်း၊ ခါးလယ်မျှလည်းကောင်း၊ လည်ပင်းမျှလည်းကောင်း ရှိကြကုန်၏။ ထိုမိုးရေအယဉ်တို့သည် လူရိုး-လူသေကောင်တို့ကိုဆောင်ယူကာ ဂင်္ဂါမြစ်အတွင်းသို့စီးဆင်းပြေးဝင်ကြကုန်၏။ဝေသာလီမြေပြင်တခုလုံး စင်ကြယ်သန့်ရှင်းသွားလေတော့၏။

ဝေသာလီမြို့တော်သို့ မြတ်စွာဘုရား ကြွရောက်တော်မူသောအခါ သိကြားမင်းအမှူးရှိသော တန်ခိုးကြီးသော နတ်များသည်လည်းကောင်း၊အခြားသော နတ်ဗြဟ္မာများသည်လည်းကောင်း စည်းဝေးရောက်လာကြကုန်၏။ ထိုအခါ ဝေသာလီပြည်၌ ဖမ်းစား နှောင့်ယှက်နေကြသော ဘီလူးတို့သည် အများအားဖြင့် ထွက်ပြေးတိမ်းရှောင်နေကြကုန်၏။

မြတ်စွာဘုရားသည် ဝေသာလီမြို့တော်တံခါးသို့ ရောက်တော်မူသောအခါ၊ အရှင်အာနန္ဒာအား ရတနသုတ်ကို သင်ပေးတော်မူပြီးလျှင် လိစ္ဆဝီမင်းသားတို့နှင့်တကွ မြို့ရိုးသုံးခုတို့၏ အကြား၌

ရွတ်ရန် မိန့်တော်မူလေ၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ သပိတ်တော်ကို ပရိတ်ရေအပြည့်ထည့်၍ယူဆောင်ပြီးလျှင် ဘုရားဆုကို ပန်တော်မူသည်မှစ၍ ပါရမီသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး အစရှိသော ဘုရားဂုဏ်ကျေးဇူးတော်တို့ကို ဆင်ခြင်အောက်မေ့ ပြီးနောက်၊ ဝေသာလီမြို့ရိုး သုံးခုတို့၏ အကြား၌ ညဉ့်သုံးယံ ပတ်လုံး ရတနသုတ်ကို ရွတ်တော်မူ၏။

'ယာနီဓ ဘူတာနိ' ဂါထာကို ရွတ်သည်မှစ၍ အထက်သို့ ပက်သော ရေပေါက်တို့သည် ဦးစိုက်ပန်းအလား ကောင်းကင်ဖြင့် သွား၍ သူနာတို့၏ကိုယ်ပေါ်၌ ကျရောက်လေ၏။ ရေပေါက်ကျသည့်ခဏ၌ပင် အနာရောဂါ ပျောက်ကင်းငြိမ်းသဖြင့် သူနာ အပေါင်းတို့သည် အိပ်ရာ နေရာမှ အိမ်မှထွက်လာကြကာ အရှင် အာနန္ဒာကို ခြံရံလျက်နေကြကုန်၏။

'ယံ ကိဉ္စိ ဝိတ္တံ' ဂါထာကို ရွတ်သည်မှစ၍ အထက်သို့ ပက်သောရေပေါက်တို့သည် ဘီလူးတို့၏ကိုယ်ပေါ်သို့ ကျရောက်ကုန်၏။ တန်ခိုးကြီးသောနတ်များ ရောက်လာစဉ်ကမပြေးပဲ အမှိုက်ပုံ နံ့ရံ စသည်တို့၌ ခိုကပ်ပုန်းအောင်း နေကြသော ဘီလူးတို့သည် ပြင်းစွာကြောက်လန့်သဖြင့် နီးရာမြို့တံခါးမှ ပြေးလွှားထွက်ပြေး ကြကုန်၏။ မြို့တံခါးလေးပေါက်တို့၌ ဘီလူးများ ပြည့်ကျပ်နေရာ အချို့ဘီလူးတို့သည် မြို့ရိုးကိုချိုးဖောက်ဖျက်ဆီးလျက် ထွက်ပြေး ကြကုန်၏။ ဘီလူးများထွက်ပြေးကြသောအခါ လူအများတို့သည် အနာရောဂါမှ ကင်းရှင်းကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဝေသာလီမြို့လယ်ဂေါင်လွှတ်ရှိုးခန်းမဆောင်၌ ဝေသာလီ ပြည်သူပြည်သား ဗိုလ်လူအများနှင့် တကွ နတ်, သိကြား, ဗြဟ္မာတို့အား ရတနသုတ်ကို ဟောကြားတော်မူရာ၊ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့သည် မဂ်, ဖိုလ်, နိဗ္ဗာန်ရ၍ ကျွတ်တမ်းဝင်ကြကုန်၏။

ထိုအခါ သိကြားမင်းသည် မြတ်စွာဘုရားသည် ရတနာသုံးပါးဂုဏ်ကျေးဇူးဖြင့် သစ္စာဆို၍ တိုင်းသား ပြည်သူ ဗိုလ်လူအပေါင်း ချမ်းသာအောင် ပြုတော်မူခဲ့လေပြီ၊ ငါသည်လည်း တိုင်းသားပြည်သူ ဗိုလ်လူအပေါင်း ချမ်းသာအောင် ရတနာသုံးပါး ဂုဏ်ကျေးဇူးဖြင့် တခုခုရွတ်ဆိုရလျှင် ကောင်းမှာပဲဟု အကြံဖြစ်ပြီးလျှင် ရတနသုတ်၏အဆုံး 'ယာနီဓ ဘူတာနိ' သုံးဂါထာကို ရွတ်ဆိုလေသည်။ ယင်းသို့ရွတ်ဆိုပြီးသောအခါ သိကြားမင်းသည် မြတ်စွာဘုရားအား လက်ယာရစ်လှည့်လည် ရှိခိုးပြီးလျှင် နတ်ပရိသတ်နှင့်တကွ ပြန်လေ၏။

ထို့နေ့မှစ၍ ခုနစ်ရက်တိုင်အောင် မြတ်စွာဘုရားသည် ရတနသုတ်ကို နေ့တိုင်းနေ့တိုင်း ဟောတော်မူသည်။ ရတနသုတ်ကို ဟောပြီးတိုင်းဟောပြီးတိုင်း ရှစ်သောင်းလေးထောင်၊ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့သည် ကျွတ်တမ်းဝင်ကြကုန်၏။ ထို့ကြောင့် ရှစ်သောင်း လေးထောင် ခုနစ်ကြိမ် ဖြစ်ရကား အားလုံးပေါင်း ငါးသိန်း ရှစ်သောင်း ရှစ်ထောင်သောသတ္တဝါတို့သည် ကျွတ်တမ်းဝင်ကြကုန်၏။ ထိုအခါမှစ၍ ဝေသာလီပြည်သည် အစာငတ်မွတ်ခြင်းဘေး၊ ဘီလူးဘေး၊ အနာရောဂါဘေး

တို့မှ ကင်းဝေး၍ အေးချမ်းသာယာ အလွန်စည်ပင်ဝပြောလေသတည်း။ ဤသုတ်သည် ရတနာသုံးပါး ဂုဏ်တော်တို့ဖြင့် သစ္စာဆိုသောကြောင့် ရတနသုတ်ဟု ခေါ်တွင်၏။ ဘေးအတန်တန်ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှတို့မှ ကာကွယ်နိုင်သောအစွမ်းရှိတော်မူ၏။

ဤသုတ်၏အကျိုးအာနိသင်ကို ရှေးဆရာတို့က 'ဘယာဥပဒ်၊ သတ်ဖြတ်ခန္ဓာ၊ ဒုဗ္ဘိက္ခာနှင့်၊ ရောဂါပျက်စီး၊မှုကြီးထွေရာ၊ တွေ့ရောက်လာသော်၊ ယာနီမဘူတ၊ ရတနဟု၊ တေဇလျှံထိပ်၊ သုတ်ပရိတ်ကို၊ စိတ်သစ္စာပြု၊ ရွတ်မူမှန်စွာ၊ သုံးကြိမ်ခါတည်း'ဟု စပ်ဆိုတော်မူကြလေကုန်၏။

\+ \+ \+ \+ \+ \+

## ၂-ရတနသုတ်

၂၅။ မဏိမာနတော ပဋ္ဌာယ တာဘဂတဿ ဒသပါရမိယော,
ဒသ ဥပပါရမိယော ဒသ ပရမတ္ထပါရမိယောတိ
သမတ္တိံသ ပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ,
လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ
တိဿော စရိယာရော ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ။
ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လင်္ကေ
မာရဝိဇယံ သဗ္ဗညုတညာဏပ္ပဋိဝေဓံ
ဓမ္မစက္ကပ္ပဝတ္တနံ, နဝ လောကုတ္တရဓမ္မေတိ
သဗ္ဗေပိ မေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ
ဝေသာလိယာ တီသု ပါကာရန္တရေသု
တိယာမရတ္တိံ ပရိတ္တံ ကရောန္တော
အာယသ္မာ အာနန္ဒတ္ထေရော ဝိယ
ကာရုညစိတ္တံ ဥပဋ္ဌပေတွာ–

၂၆။ ကောဋီသတ သဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာ, ဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

၂၇။ ရောဂါမနုဿဒုဗ္ဘိက္ခ-သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပ, မန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၂၈* ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

၂၉။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ရဟန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

၃၀။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၁။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

---

* ဤ ရတနသုတ်ပါဠိတော်ကို ခုဒ္ဒကပါဌပါဠိတော် ၄-၇၊ သုတ္တနိပါတ် ပါဠိတော် ၃၁၂-၃၁၅ တို့၌ တွေ့နိုင်သည်။

၇၂။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ’ မာနန္တရိက’ည’မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၇၃။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၇၄။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ခာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၇၅။ ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဘိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။

ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၆။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမံ အာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၇။ သဟာဝ'ဿ ဒဿန သမ္ပဒါယ၊
တယ'ဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

၁၈။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၉။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။

ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၀။ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၁။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၂။ ခီဏံ ပုရာဏံ နဝ နတ္ထိသမ္ဘဝံ၊
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၃။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။

တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၄၄။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၄၅။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ရတနသုတ္တံ နိဋ္ဌိတံ။

\+ \+ \+ \+ \+ \+

## ၄-ရတနသုံးပါး ဖြန့်မာပြန်

၁။ ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ နိယတဗျာဒိတ်ကို ခံယူတော်မူသည်မှစ၍ ဥစ္စာ သားမယား တိုင်းကားပြည် ရွာစသည်တို့ကို ပယ်ခွာစွန့်လှူ ဖြည့်ကျင့်တော်မူလျက် ရှေးဘုရားတို့နှင့် အလားတူစွာ ကြွလာတော် မူသော မြတ်စွာဘုရား၏ ဆယ်ပါးသော ပါရမီတော်၊

မျက်စိ နား နှာ ခြေလက်စသော ကိုယ်အင်္ဂါတို့ကို ပယ်ခွာစွန့်လှူ ဖြည့်ကျင့်တော်မူသော ဆယ်ပါးသော ဥပပါရမီတော်၊

ကိုယ့်အသက်ကို မငဲ့ကွက်မညှာတာ ပယ်ခွာစွန့်လှူ ဖြည့်ကျင့်တော်မူသော ဆယ်ပါးသော ပရမတ္ထပါရမီတော်၍ သုံးဆယ်သော ပါရမီတော်တို့ကို လည်းကောင်း၊

ဥစ္စာသားမယား ကိုယ်အင်္ဂါအသက်အားဖြင့် ငါးပါးသော စွန့်ခြင်းကြီးတို့ကိုလည်းကောင်း၊

အလုံးစုံသော သတ္တလောကကြီး၏ အကျိုးစီးပွားအလို့ငှာ ကျင့်တော်မူခြင်း၊ အမျိုးသားတို့၏ အကျိုးစီးပွားအလို့ငှာ ကျင့်တော်မူခြင်း၊ ဘုရားဖြစ်ခြင်း အကျိုးငှာ ကျင့်တော်မူခြင်း ဤသုံးပါးသော အကျင့်မြတ်တို့ကိုလည်းကောင်း၊

အဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌ အမိဝမ်းတွင်းဝယ် ပဋိသန္ဓေနေတော်မူခြင်း၊ ဖွားမြင် သန့်စင်တော်မူခြင်း၊ တောထွက်တော်မူခြင်း၊ ဒုက္ကရစရိယာ ကျင့်တော်မူခြင်း၊ ဗောဓိပလ္လင်၌ မာရ်ငါးပါးကို အောင်တော်မူခြင်း၊ သဗ္ဗညုတဉာဏ်ကို ရတော်မူခြင်း၊ ဓမ္မစကြာတရားကို ဟောတော်မူခြင်းတို့ကိုလည်းကောင်း၊

မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်အားဖြင့် လောကုတ္တရာတရား ကိုးပါးတို့ကိုလည်းကောင်း၊

ဤအလုံးစုံသော ဘုရားဂုဏ်ကျေးဇူးတော်တို့ကို အောက်မေ့ဆင်ခြင်ပြီးလျှင် ဝေသာလီပြည် မြို့ရိုးသုံးထပ်တို့၏ အကြား၌ ညဉ့်သုံးယံပတ်လုံး ပရိတ်အရံအတားကို ပြုတော်မူသော အရှင်အာနန္ဒာမထေရ်ကဲ့သို့ သနားခြင်း ကရုဏာရှိသောစိတ်ကို ကိုယ်စီကိုယ်ငထားကြကုန်လျက်။

၂။ စကြာဝဠာ ကုဋေတသိန်း၌ နေထိုင်ကြကုန်သော နတ်အများတို့သည် ရတနသုတ်ပရိတ်တရားတော်၏ တန်ခိုးအာဏာစက်ကို နှစ်သက်ကြည်ဖြူ ခံယူကြလေကုန်၏။ ဤရတနသုတ်ပရိတ်တော်သည်သာလျှင်ဝေသာလီပြည်၌ ငတ်မွတ်ခေါင်းပါးခြင်းဘေး၊ အနာရောဂါဘေး၊ဘီလူးဘေး ဤဘေးကြီးသုံးပါးတို့ကိုလျှင်မြန်စွာကွယ်ပျောက်ငြိမ်းအေးစေတော်မူ၏။ အို-သူတော်ကောင်းအပေါင်းတို့၊ထိုရတနသုတ်ပရိတ်တော်ကိုငါတို့ရွတ်ဖတ်ကြကုန်စို့။

၃။ ဤပရိတ်တော် ရွတ်မတ်ရာအရပ်သို့ မြေခြံတည်ကြကုန်သော ဘုမ္မစိုး၊ ရုက္ခစိုး၊ စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌ တည်နေကြကုန်သော ယာမာအစ အကနိဋ္ဌအဆုံးတိုင်အောင်သော နတ်တို့သည်လည်းကောင်း၊ ညီညာဖြဖြ စည်းဝေးလာရောက်ကြကုန်၏။ ထိုအလုံးစုံသော နတ်တို့သည် ဝမ်းမြောက်သော စိတ်နှလုံးရှိကြပါစေကုန်သတည်း၊ အထူးအားဖြင့် မြတ်စွာဘုရား ဟောကြားတော် မူအပ်သော ပရိတ်တရားတော်မြတ်ကို ရိုသေစွာ နာယူကြပါစေကုန်သတည်း။

၄။ အိုနတ်အများတို့၊ အလုံးစုံသော သင်နတ်မင်းတို့သည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပရိတ်တရားတော်ကို ရိုသေစွာ မှတ်သားကြပါကုန်လော့၊ မြင့်မြတ်သော လူမျိုး၌ဖြစ်သောလူသတ္တဝါအများအား မေတ္တာရေချမ်း သွန်းဖြန်းကြပါကုန်လော့၊ အကြင်လူတို့သည် သင်နတ်မင်းတို့ကို ရည်မှတ်၍ နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း၊ *ဗလိနတ်စာ ပူဇော်သကာကို တင်မြှောက်ကြကုန်၏။ ထိုသို့ တင်မြှောက် ကြကုန်သောကြောင့် သင်နတ်မင်းတို့သည် ထိုလူတို့ကို မမေ့မလျော့ စောင့်ရှောက်တော် မူကြပါကုန်လော့။

---

အမှာ * နတ်များကို မေတ္တာပို့ခြင်း အမျှပေးဝေခြင်းတို့ကိုလည်း ဗလိ(ပူဇော်ခြင်း)ဟူ၍ပင် ခေါ်ရပါသည်။

၅။ ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည်, ဂဠုန်ပြည်အစ ရှိသည်တို့၌လည်းကောင်း၊ နတ်ပြည်၌လည်းကောင်း နှစ်သက်မြတ်နိုးအပ်သောအလုံးစုံသောရတနာတို့သည်ရှိ၏။ ထိုရတနာတို့တွင် မြတ်စွာဘုရားနှင့် တူမျှသော ရတနာသည်မရှိ၊ ဤမြတ်စွာဘုရားသည်သာလျှင်လောကီရတနာအပြားပြားတို့ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏။ ဤသို့မှန်စွာဆိုရသော သစ္စာစကားကြောင့် *သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၆။ သာကီဝင်မင်းတို့၏ အထွတ်အထိပ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် တည်ကြည်သော စိတ်နှလုံး ရှိတော်မူ၏။ ကိလေသာတရားတို့၏ကုန်ရာ၊ ရာဂ တရားတို့၏ ကင်းပြတ်ရာ၊ သေခြင်းလည်း မရှိရာဖြစ်သော မြတ်သော နိဗ္ဗာန်ကို သိမြင်တော်မူ၏။ ထိုနိဗ္ဗာန်နှင့်တူမျှသော တစုံတခုသော တရားသည်မရှိ၊ ဤနိဗ္ဗာန်တရားသည်သာလျှင် လောကီရတနာ အပြားပြားတို့ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏။ ဤသို့မှန်စွာဆိုရသော သစ္စာစကားကြောင့် *သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

---

* ခရေပွင့်ပြသော ပုဒ်တိုင်းပုဒ်တိုင်း၌ 'သင်၊ အကျွန်ုပ်၊ ထိုသူ' အစရှိသဖြင့် မိမိအလိုရှိသလို လဲလှယ်ထည့်သွင်း၍လည်း ရွတ်ဖတ်နိုင်ပါသည်။

၇။ မြတ်စွာဘုရားသည် အရဟတ္တမဂ်နှင့်ယှဉ်သော သမာဓိကို ကိလေသာမှ စင်ကြယ်၏ဟူ၍ ချီးမွမ်းတော်မူ၏။ မိမိ အခြားမဲ့၌ အကျိုးကိုပေးတတ်၏ဟူ၍လည်း ဟောတော်မူ၏။ ထိုအရဟတ္တမဂ် သမာဓိနှင့်တူမျှသော သမာဓိသည် မရှိ၊ ဤအရဟတ္တမဂ်သမာဓိတရားသည်သာလျှင် လောကီ ရတနာ အပြာပြာတို့ထက် ကောင်းမြတ်သောရတနာကြီး ဖြစ်တော်မူ၏။ ဤသို့ မှန်စွာဆိုရသော သစ္စာစကား ကြောင့်* သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်း သာအေးမြခြင်း ဖြစ်ပါစေသတည်း။

၈။ ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့သည် အစုံအားဖြင့် လေး ပါးသော အစုံတို့ဖြစ်ကြကုန်၏။ ထိုအရိယာပုဂ္ဂိုလ်တို့ သည် မြတ်စွာဘုရား တပည့်သား သာဝကဖြစ်တော်မူ ကုန်၏။ မြတ်သောအလှူကို ခံထိုက်တော်မူကုန်၏။ ထို အရိယာပုဂ္ဂိုလ်တို့၌ ပေးလှူအပ်သော အလှူဒါနတို့သည် များမြတ်သော အကျိုးရှိကုန်၏။ ဤအရိယာ သံဃာ တော်မြတ်သည်သာလျှင် လောကီရတနာ အပြာပြာတို့ ထက် ကောင်းမြတ်သောရတနာကြီးဖြစ်တော်မူ၏။ ဤသို့ မှန်စွာဆိုရသော သစ္စာစကားကြောင့်* သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေ သတည်း။

၉။ ဂေါတမမြတ်စွာဘုရား သာသနာတော်၌အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့သည် မြဲမြံခိုင်ခံ့သောစိတ်ဖြင့် အားထုတ်ကြ

ကုန်သောကြောင့် အလုံးစုံသော ကိလေသာတို့မှ ထွက်မြောက်တော်မူကုန်၏။ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် ရပြီးသော အရဟတ္တဖိုလ်ကို တဖန်လှည့်လှည့်ကူကူ ရကြပြန်ကုန်၍ သေခြင်းကင်းသော နိဗ္ဗာန်ကို အာရုံပြုလျက် အရဟတ္တဖိုလ် သမာပတ်ချမ်းသာကို ခံစားတော်မူကြကုန်၏။ ဤရဟန္တာ သံဃာတော် မြတ်သည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏။ ဤသို့ မှန်စွာဆိုရသော သစ္စာစကားကြောင့်* သတ္တဝါတို့အား ဘေးရန်ပျောက်ကင်းချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၁၀။ သောတာပန်ပုဂ္ဂိုလ်သည် အရိယသစ္စာလေးပါး တရားတို့ကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် သက်ဝင်၍မြင်၏။ မြေ၌မြဲမြံစွာစိုက်ထားအပ်သော တံခါးတိုင်ကြီးသည် အရပ်လေးမျက်နှာမှလာသော လေမုန်တိုင်းတို့ကြောင့် မတုန်မလှုပ်သကဲ့သို့ သူတော်ကောင်းဖြစ်သော ဤသောတာပန်ပုဂ္ဂိုလ်ကို တိတ္ထိဝါဒတည်းဟူသော လေတို့ကြောင့် ဖောက်ပြန် လှုပ်ရှားခြင်းမရှိ၊ ထိုတံခါးတိုင်ကြီးနှင့်တူ၏ဟူ၍ ငါအာနန္ဒာမထေရ်ဆို၏။ ဤသောတာပန် သံဃာတော်မြတ်သည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏။ ဤသို့ မှန်စွာဆိုရသော သစ္စာစကားကြောင့်* သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်းဖြစ်ပါစေသတည်း။

၁၁။ နက်နဲသော ပညာရှိတော်မူသော မြတ်စွာဘုရား၏ ကောင်းစွာ ဟောကြားအပ်သော သစ္စာလေးပါးဟိုကို သောတာပန်ပုဂ္ဂိုလ်တို့သည် ထင်ရှားစွာသိတော်မူကုန်၏။ ထိုသောတာပန်ပုဂ္ဂိုလ်တို့သည် လူနတ်အာရုံ ကာမဂုဏ်တို့၌ ခုံမင်ပျော်ပါး တရားဘာဝနာကို အလွန်မေ့လျော့ ငြားကုန်သော်လည်း ရှစ်ကြိမ်မြောက်သော ဘဝကို မယူကြကုန်။ ဤသောတာပန် သံဃာတော် မြတ်သည် သာလျှင် လောကီရတနာအဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏။ ဤသို့ မှန်စွာဆိုရသော သစ္စာ စကားကြောင့်* သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၁၂။ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ်နှင့်ပြည့်စုံသည်နှင့်တပြိုင်နက်လျှင် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ငါ-ငါ၏ဥစ္စာဟု ယူမှားသော သက္ကာယဒိဋ္ဌိတရားကိုလည်းကောင်း၊ ဘုရား တရား သံဃာ ကျင့်သိက္ခာနှင့် သံသရာရှေ့အစွန်း နောက်အစွန်းနှင့် အစွန်းနှစ်ဖြာတရပ် ပဋိစ္စသမုပ္ပါဒ်တရား ဤရှစ်ပါးတို့၌ ယုံမှားသော ဝိစိကိစ္ဆာတရားကိုလည်းကောင်း၊ နွားခွေးစသော သတ္တဝါတို့၏ အလေ့အကျင့်ဖြင့် သံသရာမှ ထွက်မြောက်၏ဟု ယူမှားသော သီလဗ္ဗတ ပရာမာသတရားကိုလည်းကောင်း ဤသုံးပါးသော တရားတို့ကို ပယ်စွန့်တော်မူ၏။

၁၃။ ထိုသောတာပန်ပုဂ္ဂိုလ်သည် အနည်းငယ်မျှသော ကိလေသာဝဋ်တရား ရှိသေးသော်ငြားလည်း ငရဲ၊ တိရစ္ဆာန်၊

ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်လေးဘုံတို့မှ ကင်းလွတ်တော်မူလေပြီ၊ အနန္တရိယကံကြီးငါးပါး တိတ္ထိတို့ကို ဆရာဟူ၍ ညွှန်ပြမှု ဤခြောက်ပါးသော ရှုန်ရင်းကြမ်းတမ်းမှုတို့ကိုလည်း ချွတ်ချော်မှားယွင်း ပြုလုပ်ခြင်းငှာ မထိုက်၊ ဤသောတာပန်သံဃာတော်မြတ်သည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏။ ဤသို့မှန်စွာဆိုရသော သစ္စာစကားကြောင့်* သတ္တဝါတို့အား ဘေးရန်ပျောက်ကင်းချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၁၄။ သောတာပန် ပုဂ္ဂိုလ်တို့သည် ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊စိတ်ဖြင့်လည်းကောင်း မကောင်းမှုကို အကယ်၍ ပြုမိစေကာမူ ထိုပြုပြီးသော မကောင်းမှုကိုသိုဝှက်ဖုံးလွှမ်းခြင်းငှာမထိုက်၊ နိဗ္ဗာန်ကို မဂ်ဖြင့်မြင်ပြီးသော သောတာပန်ပုဂ္ဂိုလ်အား မိမိပြုလုပ်မိသည့် မကောင်းမှုကို သိုဝှက် ဖုံးလွှမ်းခြင်းငှာ မထိုက်သော အဖြစ်ကို မြတ်စွာဘုရား ဟောကြားတော်မူ၏။ ဤသောတာပန် သံဃာတော်မြတ်သည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏။ ဤသို့မှန်စွာဆိုရသော သစ္စာစကားကြောင့် * သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၁၅။ နွေလေးလတို့တွင် ရှေဦးစွာ နွေလဖြစ်သော တန်ခူးလ၌ ဖူးပွင့်စည်ကား ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော

တောအုပ်ကြီးသည် ရှန်းရှန်းအိအိ အသရေရှိသကဲ့သို့ ထိုတောအုပ်ကြီးသဖွယ် တင့်တယ်လှသော နိဗ္ဗာန်ရောက်ကြောင်း ပရိယတ္တိ တရားတော်မြတ်ကို လောကုတ္တရာ စီးပွားအလို့ငှါ မြတ်စွာဘုရားဟောကြားတော်မူလေပြီ၊ ဤမြတ်စွာဘုရားသည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏။ ဤသို့ မှန်ကန်စွာဆိုရသော သစ္စာစကားကြောင့် *သတ္တဝါတို့အား ဘေးရန်ပျောက်ကင်းချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၁၆။ စကြဝဠာတိုက်တိုင်း စံနိုင်းမည့်လူ တလူမထား ငါတို့ဆရာ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကိုရသဖြင့် ထူးမြတ်တော်မူ၏။ မြတ်သောနိဗ္ဗာန်ကို သိမြင်တော်မူ၏။ မြတ်သောနိဗ္ဗာန်ကို ပေးဝေတော်မူ၏။ မြတ်သောအကျိုးစီးပွားကို ဆောင်တော်မူ၏။ မြတ်သော လောကုတ္တရာတရား ကိုးပါးကို ဟောကြားတော်မူ၏။ ဤငါတို့ဆရာ မြတ်စွာဘုရားသည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏။ ဤသို့မှန်စွာ ဆိုရသော သစ္စာစကားကြောင့် * သတ္တဝါတို့အား ဘေးရန် ပျောက်ကင်း ချမ်းသာ အေးမြခြင်း ဖြစ်ပါစေသတည်း။

၁၇။ ရဟန္တာပုဂ္ဂိုလ်တို့အား ဘဝသံသရာက ပြုခဲ့သမျှသော ကုသိုလ်,အကုသိုလ် ကံဟောင်းသည် ကုန်ဆုံးတော်မူလေ

ပြီ၊ အသစ်တဖန် ဖြစ်ပြန်သော ကုသိုလ်, အကုသိုလ်ကံလည်းမရှိ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် လာလတံ့သောဘဝ၌ တပ်ခြင်းကင်းသော စိတ်ရှိတော်မူကုန်၏။ ပဋိသန္ဓေမျိုးစေ့လည်း ကုန်ခန်းတော်မူကုန်၏။ ဘဝသစ်၌ မဖြစ်ပြန်လိုသောဆန္ဒလည်း ရှိတော်မူကြကုန်၏။ သမာဓိ ရင့်သန် ပညာဉာဏ်လည်း ရှိတော်မူကြကုန်၏။ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် ဤဆီမီးငြိမ်းသေလေသကဲ့သို့ ခန္ဓာလက်စကုန်ဆုံးကြသဖြင့် အငြိမ်းကြီးငြိမ်းတော်မူကြလေကုန်၏။ ဤ ရဟန္တာ သံဃာတော်မြတ် သည်သာလျှင် လောကီရတနာအဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏။ ဤသို့ မှန်စွာ ဆိုရသော သစ္စာစကားကြောင့် * သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၁၀။ ဤပရိတ်တော် ရွတ်ဖတ်ရာအရပ်သို့ မြေ၌ အုပ်စိုးတည်နေကြကုန်သော ဘုမ္မစိုး၊ ရုက္ခစိုး၊ စတုမဟာရာဇ်၊တာဝတိံသာ နတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌ အုပ်စိုးတည်နေကြကုန်သော ယာမာအစ အကနိဋ္ဌအဆုံးတိုင်အောင်သော နတ်တို့သည်လည်း ကောင်း ညီညာ ဖြိုးဖြစည်းဝေးရောက်လာကြကုန်၏။ ထိုသို့လာရောက်ကြကုန်သော ငါတို့ နတ်အပေါင်းသည် ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသောကြောင့် နတ်, လူတို့သည် ပူဇော်အပ်သော မြတ်စွာ ဘုရားကို ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကြပါကုန်၏။ ထိုသို့ရှိခိုးရသော အာနုဘော်

ကြောင့် * သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၁၉။ ဤပရိတ်တော် ရွတ်ဖတ်ရာအရပ်သို့ မြေ၌အုပ်စိုးတည်နေကြကုန်သော ဘုမ္မစိုး၊ ရုက္ခစိုး၊ တေ့မဟာရာဇ်၊ တာဝတိံသာ နတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌ အုပ်စိုးတည်နေကြကုန်သော ယာမာအစ အကနိဋ္ဌ အဆုံးတိုင်အောင်သော နတ်တို့ သည်လည်း ကောင်း ညီညာဖြိုစည်းဝေးလာရောက်ကြကုန်၏။ ထိုသို့ လာရောက်ကြကုန်သော ငါတို့နတ်အပေါင်းသည် ကိလေသာကို ပယ်ခွါသော အခြင်းအရာ ရှိသောကြောင့် နတ်၊ လူတို့သည် ပူဇော်အပ်သော တရားတော် မြတ်ကို ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကြပါကုန်၏။ ထိုသို့ ရှိခိုးရသော အာနုဘော်ကြောင့် * သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေး မြခြင်း ဖြစ်ပါစေသတည်း။

၂၀။ ဤပရိတ်တော် ရွတ်ဖတ်ရာအရပ်သို့ မြေ၌အုပ်စိုးတည်နေကြကုန်သော ဘုမ္မစိုး၊ ရုက္ခစိုး၊ တေ့မဟာရာဇ်၊ တာဝတိံသာ နတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌ အုပ်စိုးတည်နေကြကုန်သော ယာမာအစ အကနိဋ္ဌ အဆုံးတိုင်အောင်သော နတ်တို့ သည် လည်း ကောင်း ညီညာဖြိုစည်းဝေးရောက်လာကြကုန်၏။ ထိုသို့ ရောက်လာကြကုန်သော ငါတို့ နတ်အပေါင်းသည် မိမိအကျိုး ပွားတိုးစိမ့်ငှါ ကောင်းစွာကျင့်တော်မူသောကြောင့် နတ်၊ လူတို့သည်

ပူဇော်အပ်သော အရိယာသံဃာတော်မြတ်ကို ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကြပါကုန်၏။ ထိုသို့ ရှိခိုးရသော အာနုဘော်ကြောင့် * သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

ရတနသုတ် မြန်မာပြန် ပြီး၏။

+ + + + + +

# ပုဗ္ဗဏှသုတ် ပရိတ်တော်

# ပုဗ္ဗဏှသုတ် နိဒါန်း

ဤ ပုဗ္ဗဏှသုတ် ပရိတ်တော်သည် တိကနိပါတ် မင်္ဂလဝဂ် ပုဗ္ဗဏှသုတ် အင်္ဂုတ္တရပါဠိတော်မှ ထုတ်နုတ်၍ စီစဉ်ထားသော ပရိတ်တော်ဖြစ်ပါသည်။

ဤပုဗ္ဗဏှသုတ်တော်ကို ဟောတော်မူရခြင်း အကြောင်းမှာ၊ လူသားအားလုံးတို့သည် မင်္ဂလာ နက္ခတ်ကောင်းကို အလိုရှိကြကုန်၏၊ မင်္ဂလာနံနက်ကိုအလိုရှိကြကုန်၏။ မင်္ဂလာအချိန်အခါကို အလိုရှိကြကုန်၏။ မြတ်ဗုဒ္ဓရှင်တော်ဘုရားသည်လူသားအားလုံးတို့ လိုလားတောင့်တကြသည့် နက္ခတ်မင်္ဂလာကောင်း, မင်္ဂလာနံနက်, မင်္ဂလာအချိန်အခါတို့နှင့် ပြည့်စုံကြစေရန် ဤပုဗ္ဗဏှသုတ်တော်ကို ဟောတော်မူခဲ့ပါသည်။

ဤပုဗ္ဗဏှသုတ်တော်၏အကျဉ်းချုပ်အဓိပ္ပါယ်မှာ "လူသားအားလုံးတို့သည် ဤနံနက် ဤအချိန်အခါမှာ ကိုယ်ဖြင့်ကောင်းသောအမှုကိုပြုကြမည်၊ နှုတ်ဖြင့်ကောင်းသောစကားကို ပြောကြမည်၊ စိတ်ဖြင့် ကောင်းသော အကြံအစည်ကို ကြံစည်ကြမည်၊ ဤနံနက်ဤ အချိန် အခါသည်မင်္ဂလာနံနက်မင်္ဂလာအချိန်အခါပင် ဖြစ်ပါတော့သည်" ဟုဤမျှလောက်သာ ဟောတော်မူခဲ့ပါသည်။

ရှေးဆရာမြတ်တို့သည် ဤပုဗ္ဗဏှသုတ်တော်ကို ပဓာနထား၍ ရောဂါဘေး၊ ဘီလူးဘေး၊ တော်မှတ်ခြင်းဘေး စသော ဘေး အပေါင်းတို့မှ လက်တွေ့ ကင်းလွတ်နိုင်သည့် ရတနသုတ်လာ

ဂါထာတော်များကို ဤပရိတ်တော်၌ ထည့်သွင်းစီစဉ်ထားပါသည်။ ခေတ်အဆက်ဆက်၌ ပညာရှိကြီးများ ရွတ်ဖတ်သရဇ္ဈာယ်တော်မူခဲ့ကြသည့်အစွမ်းထက်လှသော ဂါထာတော်များကိုလည်း ဤပရိတ်တော်၌ ထည့်သွင်းစီစဉ်ထားပါသည်။

ထို့ကြောင့် မင်္ဂလာနက္ခတ်၊ မင်္ဂလာနံနက်၊ မင်္ဂလာအချိန်အခါကို အလိုရှိကြသည့် သပ္ပုရိသန္တယ်ဝင် သူတော်စင်အပေါင်းတို့သည် ဤပုဗ္ဗဏှသုတ် ပရိတ်တော်ကို ရိုသေလေးစားစွာဖြင့် ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြပါဟု တိုက်တွန်း နှိုးဆော်ရပါသတည်း။

\+ \+ \+ \+ \+ \+

# ၁၁-ပုဗ္ဗဏှသုတ်

၁၄၆။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ’မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသ’မေန္တု။

၁၄၇။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ’မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသ’မေန္တု။

၁၄၈။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ’မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
သံဃာနုဘာဝေန ဝိနာသ’မေန္တု။

၁၄၉။ ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိဿောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

၁၅၀။ ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေဒေဝါ’နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။

၁၅၁။ ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ။

၁၅၂။ သဗ္ဗေဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၁၅၃။ * ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ။
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅၄။ ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅၅။ ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊

---

* ဤဂါထာ ရတနသုတ်၌ပါပြီး။

ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅၆။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၅၇။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၅၈။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၅၉။ မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိ’မုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၆၀။ ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။

၁၆၁။ အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိ-ပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

၁၆၂။ * သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

* ဤဂါထာများကို အင်္ဂုတ္တိုရ်ပါဠိတော်၊ ပ၊ ၂၉၉-၌ တွေ့နိုင်သည်။

၁၆၃။ * ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ၊ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏီဓိ တေ ပဒက္ခိဏာ။

၁၆၄။* ပဒက္ခိဏာနိ ကတွာန၊ လဘန္တ’တ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

ပုဗ္ဗဏှသုတ္တံ နိဋ္ဌိတံ။

* ဤဂါထာများကို အင်္ဂုတ္တိုရ်ပါဠိတော်၊ ပ၊ ၂၉၉-၌ တွေ့နိုင်သည်။

# ၂၂-ပုဗ္ဗဏှသုတ် မြန်မာပြန်

၁။ မကောင်းသော အတိတ်နိမိတ်၊ မကောင်းသောအမင်္ဂလာ၊ မကောင်း ဆိုးရွားသော ငှက်တို့၏ မနှစ်လိုဖွယ်သော မြည်သံ, တွန်သံ၊ မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်း၊ မကောင်းသော အိပ်မက်တို့သည် ရှိကုန်၏။ ထိုမကောင်းသော အတိတ်နိမိတ် အစရှိသည်တို့သည် မြတ်စွာဘုရားတို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ကင်းစင်လွင့်ပျောက်ကြစေကုန်သတည်း။

၂။ မကောင်းသောအတိတ်နိမိတ်၊ မကောင်းသောအမင်္ဂလာ၊ မကောင်း ဆိုးရွားသော ငှက်တို့၏ မနှစ်လိုဖွယ်သော မြည်သံ, တွန်သံ၊ မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်း၊ မကောင်းသော အိပ်မက်တို့သည် ရှိကုန်၏။ ထိုမကောင်းသော အတိတ်နိမိတ် အစရှိသည်တို့သည် တရားတော်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ကင်းစင် လွင့်ပျောက်ကြစေကုန်သတည်း။

၃။ မကောင်းသောအတိတ်နိမိတ်၊ မကောင်းသောအမင်္ဂလာ၊ မကောင်း ဆိုးရွားသော ငှက်တို့၏ မနှစ် လိုဖွယ်သော မြည်သံ, တွန်သံ၊ မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်း၊ မကောင်းသော အိပ်မက်တို့သည် ရှိကုန်၏၊ ထိုမကောင်းသော အတိတ်နိမိတ်အစရှိသည်တို့သည် သံဃာတော်မြတ်

တို့၏ တန်ခိုးတေဇော်အာနုဘော်ကြောင့် ကင်းစင်လွင့် ပျောက်ကြစေကုန်သတည်း။

၄။ ဆင်းရဲဒုက္ခရောက်နေကြရကုန်သော သတ္တဝါအားလုံးတို့ သည် ဆင်းရဲဒုက္ခကင်းဝေးကြပါစေကုန်သတည်း။ ဘေး နှင့် ရင်ဆိုင်တွေ့ကြုံ နေကြရကုန်သော သတ္တဝါအားလုံး တို့သည် ဘေးဘယာ ဝေးကွာကြပါစေကုန်သတည်း။ စိုးရိမ်ကြောင့်ကြ ဗျာပါရသို့ ရောက်နေကြရကုန်သော သတ္တဝါအားလုံးတို့သည် စိုးရိမ်လွတ်ကင်း ကြောင့်ကြ ခြင်း မရှိကြပါစေကုန်သတည်း။

၅။ ဤမျှအတိုင်းအရှည်ရှိသော ပရိတ်တရားတော်တို့ကို ရွတ် ဖတ်ပူဇော်ခြင်းဖြင့် အကျွန်ုပ်တို့ ကောင်းစွာ ဆည်းပူး ပြုလုပ်အပ်သော ကုသိုလ်ကောင်းမှုတို့၏ ပြည့်စုံခြင်းကို အလုံးစုံသော နတ်များတို့သည် လောကီ လောကုတ္တရာ စည်းစိမ်ချမ်းသာတို့နှင့် ပြည့်စုံစေခြင်းအကျိုးငှါ ဝမ်း မြောက်နှုမော် သာဓုခေါ်တော်မူကြပါကုန်လော့။

၆။ ပေးကမ်းစွန့်ကြဲ နည်းများမဟူ အလှူဒါနကို ကံ,ကံ၏ အကျိုးကို ယုံကြည်သော သဒ္ဓါတရားဖြင့် ပေးကမ်း လှူဒါန်းတော်မူကြပါကုန်လော့။ နေ့ရောညဉ့်ပါ အခါ ခပ်သိမ်း ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး ပညတ် သီလတော် မြတ်ကို မကျိုးမပေါက် မကျားမပြောက်အောင် စောင့်

ရှောက် တော်မူ ကြ ပါ ကုန်လော့။ သမထ, ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း၌ စီးဖြန်းမွေ့လျော် ပျော်ပိုက်တော် မူကြပါကုန်လော့။ ပရိတ်တရားတော်နာ ကြွရောက်တော် မူလာကြကုန်သော အရှင်နတ်အများတို့သည် ကိုယ်စီ ကိုယ်င လိုရာဌာနသို့ ကြွမြန်းတော်မူကြကုန်လော့။

၇။ ကိုယ်တော်အား ဆယ်ပါး၊ ဉာဏ်တော်အား ဆယ်ပါးသို့ ရောက်တော်မူကြကုန်သော အလုံးစုံသော မြတ်စွာဘုရား တို့၏လည်းကောင်း၊ ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏ လည်းကောင်း အကြင်ဉာဏဗလတော်သည် ရှိ၏။ ထို ဉာဏဗလတော် ၏ တန်ခိုးတေဇော် အာနုဘော်ဖြင့် ထက်ဝန်းကျင်သော အရပ်မျက်နှာမှ အစောင့်အရှောက် ကို ဖွဲ့စည်းပါ၏။

၈။ ဤ လူ့ပြည်၌လည်းကောင်း၊ နဂါးပြည်, ဂဠုန်ပြည် အစရှိသည်၌လည်းကောင်း၊ နတ်ပြည်တို့၌လည်းကောင်း နှစ်သက် မြတ်နိုးအပ်သော အလုံးစုံသော ရတနာသည် ရှိ၏။ ထိုရတနာတို့တွင်မြတ်စွာဘုရားနှင့်တူမျှသောရတနာ သည် မရှိ။ ဤ မြတ်စွာဘုရား သည်သာလျှင် လောကီ ရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာ ကြီး ဖြစ်တော်မူ၏။ ဤသို့မှန်စွာဆိုရသော သစ္စာစကား ကြောင့် * သတ္တဝါတို့အား ကောင်းသော စီးပွားချမ်း သာ ဖြစ်ပါစေသတည်း။

၉။ ဤလူ့ပြည်၌လည်းကောင်း၊နဂါးပြည်,ဂဠုန်ပြည် အစ ရှိသည်၌ လည်းကောင်း၊ နတ်ပြည် တို့၌ လည်းကောင်း နှစ်သက်မြတ်နိုး အပ်သော အလုံးစုံသော ရတနာသည် ရှိ၏။ ထိုရတနာတို့တွင် မြတ်စွာဘုရား တရားတော်နှင့် တူမျှသော ရတနာသည် မရှိ။ ဤတရားတော်သည်သာ လျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏။ ဤသို့ မှန်စွာဆိုရသော သစ္စာစကားကြောင့် * သတ္တဝါတို့အား ကောင်းသော စီးပွားချမ်းသာ ဖြစ်ပါစေသတည်း။

၁၀။ ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည်,ဂဠုန်ပြည် အစ ရှိသည်၌ လည်းကောင်း၊ နတ်ပြည်တို့၌ လည်းကောင်း နှစ်သက်မြတ်နိုး အပ်သော အလုံးစုံသော ရတနာသည် ရှိ၏။ ထိုရတနာတို့တွင် မြတ်စွာဘုရား တပည့်သားသံဃာ တော်များနှင့် တူမျှသော ရတနာသည် မရှိ။ ဤသံဃာ တော်သည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏။ ဤသို့ မှန်စွာဆိုရသော သစ္စာစကားကြောင့် * သတ္တဝါတို့အား ကောင်းသော စီးပွားချမ်းသာဖြစ်ပါစေသတည်း။

၁၁။ ပစ္စုပ္ပန်သံသရာ နှစ်ဖြာဘဝ အေးမြရကြောင်း အလုံးစုံ သော မင်္ဂလာတရားအပေါင်းသည် * သင့်အား ဖြစ်ပါ စေသတည်း။အလုံးစုံ အရပ်ရပ် ရှိသမျှသောနတ်တို့သည် * သင့်အား စောင့်ရှောက် ကြပါစေကုန် သတည်း။

ခပ်သိမ်းသော ဘုရားရှင်တို့၏တန်ခိုးတေဇော် အာနုဘော်ကြောင့် * သင့်အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဖြစ်ပါစေကုန်သတည်း။

၁၂။ ပစ္စုပ္ပန်သံသရာ နှစ်ဖြာဘဝ အေးမြရကြောင်း အလုံးစုံသော မင်္ဂလာတရားအပေါင်းသည် * သင့်အား ဖြစ်ပါစေသတည်း။ အလုံးစုံ အရပ်ရပ်ရှိသမျှသော နတ်တို့သည် * သင့်အား စောင့်ရှောက် ကြ ပါ စေ ကုန်သတည်း။ ခပ်သိမ်းသော တရားတော် မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် * သင့်အား အခါခပ်သိမ်း ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်း ဖြစ်ပါစေကုန်သတည်း။

၁၃။ ပစ္စုပ္ပန်သံသရာ နှစ်ဖြာဘဝ အေးမြရကြောင်း အလုံးစုံသော မင်္ဂလာတရားအပေါင်းသည် * သင့်အား ဖြစ်ပါစေသတည်း။ အလုံးစုံ အရပ်ရပ်ရှိသမျှသော နတ်တို့သည် * သင့်အား စောင့်ရှောက် ကြ ပါ စေ ကုန် သတည်း။ ခပ်သိမ်းသော သံဃာတော်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် * သင့်အား အခါခပ်သိမ်း ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်း ဖြစ်ပါစေကုန်သတည်း။

၁၄။ ကြီးမြတ်သော ဂရုဏာ ရှိတော်မူသော ရှင်တော်ဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားအလို့ငှါ အလုံးစုံသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူ၏။

မြင့်မြတ်သော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရတော်မူ၏။ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် * သင့်အား အခါခပ်သိမ်း ကောင်းသောစီးပွား ချမ်းသာ ဖြစ်ပါစေသတည်း။

၁၅။ သာကီဝင်မင်းတို့၏ နှစ်သက်မြတ်နိုးခြင်းကို ပွားတိုးစေတော်မူတတ်သော မြတ်စွာဘုရားသည် ဗောဓိပင်ခြေ ပလ္လင်ဗွေ၌ မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့၊ ဤနည်းတူပင် * သင့်အား အောင်မြင်ခြင်းသည် ဖြစ်ပါစေသတည်း။ * သင်သည် အောင်အပ်သော မင်္ဂလာကို အောင်မြင်ပါစေသတည်း။

၁၆။ ခပ်သိမ်းသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏ ဗုဒ္ဓါဘိသေက မင်္ဂလာကို ခံယူတော်မူရာဖြစ်၍ မြေအပြင်တွင် အထူးတင့်တယ်လျက် မြေဦးမြေထိပ်လည်း ဖြစ်သော အပရာဇိတပလ္လင်တော်၌ သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသည် ကြည်နူးရွှင်ပျော် ဝမ်းမြောက်တော်မူသကဲ့သို့၊ ဤနည်းအတူသာလျှင်* သင်သည် အထွတ်အထိပ်သို့ရောက်၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်ပါစေသတည်း။

၁၇။ * သင့်အား ကောင်းသော နက္ခတ်သည် ဖြစ်ပါစေသတည်း။ ကောင်းသောမင်္ဂလာသည်ဖြစ်ပါစေသတည်း။ ကောင်းသော မိုးသောက်ခြင်းသည် ဖြစ်ပါစေသတည်း။

ကောင်း သော ထကြွခြင်းသည်ဖြစ်ပါ စေသတည်း။
ကောင်းသော ခဏအခိုက်သည် ဖြစ်ပါစေသတည်း။
ကောင်းသော မုဟုတ်ချိန်သည် ဖြစ်ပါစေသတည်း။
မြတ်သော အကျင့်ကို ကျင့်သော သူတော်ကောင်း
တို့အား ကောင်းသော ပူဇော်ခြင်းသည် ဖြစ်ပါစေ
သတည်း။

၁၈။ * သင့်အား မြတ်သော ကာယကံသည် ဖြစ်ပါစေ
သတည်း။ မြတ်သော ဝစီကံသည် ဖြစ်ပါစေသတည်း။
မြတ်သော မနောကံသည် ဖြစ်ပါစေသတည်း။ * သင်
သည် မြတ်သောကာယကံ၊မြတ်သော ဝစီကံ၊ မြတ်သော
မနောကံ ဟူသော ကံသုံးပါး၌ ဆောက်တည်နိုင်ပါစေ
သတည်း။

၁၉။ အကြင်သူတို့သည် မြတ်သောကာယကံ၊မြတ်သောဝစီကံ
မြတ်သောမနောကံကို ပြုလုပ်သောကြောင့်၊ မြတ်သော
အကျိုးတို့ကို ရကြကုန်၏။ ထိုသူတို့သည် ကြီးပွားခြင်းသို့

ရောက်ကြပါစေကုန်သတည်း။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကြပါစေကုန်သတည်း။ ဗုဒ္ဓမြတ်စွာ သာသနာတော်၌ မဂ်ဉာဏ် ဖိုလ်ဉာဏ် တိုင်အောင် ပြန့်ပွားခြင်းသို့ ရောက်ကြပါစေကုန်သတည်း။ အလုံးစုံသော အဆွေအမျိုးတို့နှင့်တကွ အနာရောဂါ ကင်းရှင်း ချမ်းသာ အေးမြခြင်းသို့ ရောက်ကြပါစေကုန်သတည်း။

ပုဗ္ဗကျသုတ် မြန်မာပြန်ပြီး၏။

စာကြည့်ခန်း
၁၄၅၆-